# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 21 November 2023 ၁၁၂၈၆


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်၌ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူသွားလာမှုအဆင်ပြေစေရေးအတွက် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်



ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး ပြည်ထောင်စုလမ်းမကြီး(နောင်ပစ်လမ်းခွဲ)နေရာတွင် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားမှုများကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၀

TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိသည့်အပြင် ဒေသအတွင်း ကုန်စည်စီးဆင်းမှုပျက်ပြားစေရန်အလို့ငှာ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော လမ်းများအား ကန့်လန့်ဖြတ်မြောင်းကြီးများ တူး၍ လမ်းအား ဖျက်ဆီးကာ မြေစိုင်များဖြင့် ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**သွားလာမှုရပ်တန့်ခဲ့ရ**

ထိုသို့လုပ်ဆောင်ရာတွင် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ရှိ နောင်ချိုမြို့နယ် ရွှေညောင်ပင်အနီးတွင် တစ်နေရာ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

**ယနေ့ ဖတ်စရာ**

**နိုင်ငံ့စီးပွား မြှင့်တင်ရေး မင်္ဂလာစစ်ကိုင်း ကျောက်မျက်ဈေး ဖော်ဆောင်ပေး**



ဆောင်းပါး စာမျက်နှာ » ၆

**ပြည်ပမှ စက်သုံးဆီသင်္ဘောများ သီလဝါဆိပ်ကမ်းသို့ အဆက်မပြတ်ရောက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိ**

စာမျက်နှာ » ၇

**မြန်မာစာကို မတတ်ဘဲနဲ့ မြန်မာစာနဲ့ပတ်သက်ပြီးတော့ Facebookတို့ဘာတို့မှာ အလကားလျှောက်ရေးနေကြတာတွေ ရှိတယ်။ မြန်မာစာကိုတန်ဖိုးမထားကြဘူး၊ အထူးသဖြင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံကျမ်းဆိုတာ ၁၉၈၆ ခုနှစ်ကနေ နိုင်ငံတော်က ပြဋ္ဌာန်းထားတာ အခုဆိုရင် ၃၆ နှစ် ရှိသွားပါပြီ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

ကြေးမုံ

# ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုး

သူတစ်ပါး၏အသက်အိုးအိမ်ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်ခြင်း၊ လုယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်း၊ လိမ်လည်ခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သုံးစွဲခြင်း စသည်တို့သည် တရားဥပဒေကိုချိုးဖောက်သည့် ဒုစရိုက်အမှုများဖြစ်သည်။ ဤဒုစရိုက်မှုများသည် နိုင်ငံငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်၏အကျိုးကို ဆုတ်ယုတ်ပျက်စီးစေသည်။

ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး၌ ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးရေး၊ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲသာယာဝပြောရေးတို့ကို အလိုရှိကြကုန်သော ပြည်သူအပေါင်းတို့သည် မင်းမဲ့စရိုက်ဖြစ်သည့်ဒုစရိုက်မှုများကို ရှောင်ရှားတားဆီးကာကွယ်ကြရမည်ဖြစ်သည်။ ဒုစရိုက်မှုများကို တားဆီးရာ၌ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကဏ္ဍမှသာမက ပြည်သူ ပြည်သားတစ်ဦးချင်းစီအနေဖြင့် ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုစသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် တစ်နည်းအားဖြင့် ပါဝင်နိုင်သည်။

ယနေ့လူငယ်လူရွယ်များတွင် စာပေ၊ ယဉ်ကျေးမှုတို့ကို အထိုက်အလျောက်သိကြသော်လည်း မိရိုးဖလာဗုဒ္ဓဘာသာနှင့် မင်္ဂလာတရားများအကြောင်းနှင့် ယင်းတို့ကို လိုက်နာကျင့်သုံးရခြင်းအကြောင်းအား မသိကြသူများ များလာနေပေသည်။ ဘာသာတရားကို လိုက်နာကျင့်သုံးရကောင်းမှန်းမသိသောအခါ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပျက်ပြားလာပေသည်။ စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးစီ၏ အသက်သွေးခဲဖြစ်သည်။ စာရိတ္တကောင်းသူသည် လူကောင်းဖြစ်၍ နိုင်ငံတော်က အားထားရမည့်သူဖြစ်ပေသည်။ စာရိတ္တယိုယွင်းနေသူသည် လူဆိုးလူသွမ်းဖြစ်၍ အများပြည်သူအား အနှောင့်အယှက်ပေးနိုင်သူ၊ နိုင်ငံတော်ကို အန္တရာယ်ပြုနိုင်သူဖြစ်သည်။

လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ရာ၌ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံးနှင့်အရေးအကြီးဆုံးမဏ္ဍိုင်ဖြစ်သည်။ ဗလငါးတန်ကို လက်ချောင်းငါးချောင်းဖြင့် ပမာပြုပါက စာရိတ္တဗလသည် အမြင့်ဆုံးလက်ခလယ်နှင့်တူပေသည်။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ပါမှ အခြားသောဗလစွမ်းအားတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်နေပါလျှင် ကျန်ဗလငါးတန်တို့၏ခွန်အားသည် မကောင်းမှုအဖျက်လုပ်ငန်းများဆီသို့ ဦးတည်သွားကြပေလိမ့်မည်။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပါမှ အခြားဗလစွမ်းအားတို့သည် နိုင်ငံတော်ကို အကျိုးပြုနိုင်ကြပေမည်။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် ထေရဝါဒဗုဒ္ဓဘာသာသည် ပြည်ထောင်ဖက်ဖြစ်သည်။ ခွဲခြား၍မရပေ။ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသိဉာဏ်လည်းဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာကိုအခြေခံ၍ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စရိုက်လက္ခဏာများကို တည်ဆောက်ထားခြင်းဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ကျေးဇူးကြောင့် စာရိတ္တမဏ္ဍိုင် ခိုင်မြဲလာသည့်အပြင် စာပေနှင့်ယဉ်ကျေးမှု တိုးတက်မြင့်မားလာပြီး မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာနိုင်ငံသားများသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

မြန်မာလူမျိုးတို့ အသိဉာဏ်ဖွံ့ဖြိုး ပညာတိုးတက်စေသည့် ထေရဝါဒဗုဒ္ဓဘာသာနှင့် ဘာသာအခြေခံယဉ်ကျေးမှုအစဉ်အလာများ ပျောက်ကွယ်ခဲ့သည်ရှိသော် မြန်မာလူမျိုးတို့ အသိဉာဏ်ဆင်ခြင်တုံတရားနိမ့်ကျကာ ကိုယ်ပိုင်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတို့ကို သိရှိနားလည်နိုင်စွမ်းမရှိဖြစ်လာပါလိမ့်မည်။ မိမိစာပေကိုမှ မတတ်မြောက်လျှင် ဘာသာမျိုးခြားစာပေများကို မိမိလူမျိုး၊ မိမိနိုင်ငံအတွက် အသုံးချနိုင်လောက်အောင် အစွမ်းများလည်း မရှိနိုင်ပါ။ ထိုကဲ့သို့ ဘာသာသာသနာ၊ ယဉ်ကျေးမှု၊ အသိပညာပြိုကွဲ၍ အသိဉာဏ်နည်းပါးလာသောအခါ အမိမြေ၊ အမိရေ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသောစိတ်ပါးလျားပြီး ဒုစရိုက်မှုများ ပေါများလာကာ တိုင်းပြည်ပြိုကွဲ၍ တိုင်းတစ်ပါး၏ကျွန်ပြုခြင်းခံရနိုင်ပါသည်။ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုပြိုကွဲပြီး နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့်အန္တရာယ်များကို ကာကွယ်နိုင်ရန် မြန်မာနိုင်ငံနှင့်လူမျိုး၏အသက်ဖြစ်သည့် ဘာသာသာသနာထွန်းကားရေးနှင့်အခြေခံယဉ်ကျေးမှုအားကောင်းနေရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

ယနေ့လူငယ်များသည် အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများဖြစ်၍ အရေးကြီးသည့်စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်နေရမည်ဖြစ်သည်။ နိုင်ငံတော်က မျှော်လင့်နေသော နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်မြောက်လာရေးအတွက် ကျောင်းသား ကျောင်းသူကလေးအရွယ်မှစတင်ကာ အသိပညာ၊ အတတ်ပညာများကိုဆည်းပူးရင်း စာရိတ္တကောင်းမွန်အောင် ကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ လျော့ပါးအားနည်းလာပါက တိုင်းပြည်နှင့်လူမျိုးကို ပျက်စီးစေလိုသည့် စိတ်ရိုင်းမကောင်းမှုများ ကြီးထွားလာနိုင်သဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသော အခြေခံခိုင်မာသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၉/၂၀၂၂ (မွန်)၊ ၅၀/၂၀၂၂ (မွန်)၊ ၂၉/၂၀၂၃ (ရှမ်း)၊ ၃၀/၂၀၂၃ (ရှမ်း)၊ ၃၄/၂၀၂၃ (ဧရာဝတီ)၊ ၃၆/၂၀၂၃ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီ ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## ကလောမြို့နယ် ပိန္နဲပင်ပလောင်တောင်ကျေးရွာ၌ လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ



ကလော နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာမီးလင်းရေးကော်မတီတို့ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက သူရဲကျေးရွာအုပ်စု ပိန္နဲပင်ပလောင်တောင်ကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပခဲ့သည်။

ဦးစွာ ကလောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ ကလောမြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ကျေးရွာမီးလင်းရေးကော်မတီတို့က လျှပ်စစ်မီးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ် လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်မီး စနစ်တကျ သုံးစွဲတတ်စေရေးနှင့် လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများက အဖွဲ့အလိုက် အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂၁ | ၁၈၄,၈၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၂၈၇ | ၈၃၁,၃၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၀၃ | ၁,၅၀၂,၂၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၁၁၈ | ၁၈၈,၈၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀၀ | ၄၈၀,၀၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၄၅၀ | ၉၀၀,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၉၀၀ | ၁၀၅ | ၄၉၄,၃၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၉၁ | ၁၅၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။



ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နောင်ပစ်လမ်းခွဲနေရာတွင် လမ်းပိတ်ဆို့ဖျက်ဆီးထားသည့်နေရာအား ဖယ်ရှားရှင်းလင်းပြီးစီးမှုကို တွေ့ရစဉ်။





နောင်ပစ်လမ်းခွဲနှင့် နောင်ပိန်းကျေးရွာကြားတွင် လမ်းပိတ်ဆို့ဖျက်ဆီးထားသည့်နေရာအား ဖယ်ရှားရှင်းလင်းနေမှု(ဝဲပုံ)နှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။







နောင်ချိုမြို့နယ် ရွှေညောင်ပင်အနီးတွင် လမ်းပိတ်ဆို့ဖျက်ဆီးထားသည့်နေရာအား ဖယ်ရှားရှင်းလင်းနေမှု(ဝဲပုံ)နှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။





နောင်ချိုမြို့နယ် လယ်ကျင်းကွေ့ကျေးရွာအနီးတွင် အတားအဆီးများအား ဖယ်ရှားရှင်းလင်းနေမှု(ဝဲပုံ)နှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။





နောင်ပစ်လမ်းခွဲနှင့် နောင်ပိန်းကျေးရွာကြားတွင် လမ်းပိတ်ဆို့ဖျက်ဆီးထားသည့်နေရာအား ဖယ်ရှားရှင်းလင်းနေမှု(အပေါ်ပုံ)နှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှု(အောက်ပုံ)တို့ကို တွေ့ရစဉ်။






ဂုတ်တွင်း ရှခင်းသာအနီးတွင် အတားအဆီးများအား ဖယ်ရှားရှင်းလင်းနေမှုကို တွေ့ရစဉ်။





အတားအဆီးများအား ဖယ်ရှားရှင်းလင်းနေမှု(ဝဲပုံ)နှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှု(ယာပုံ)တို့ကို တွေ့ရစဉ်။



အရေးပေါ် ကျန်းမာရေးကိစ္စများအတွက် လူနာအား ခက်ခဲစွာ သယ်ဆောင်သွားလာနေရသည်ကို တွေ့ရစဉ်။

❂ ရှေ့ဖုံးမှ

လယ်ကျင်းကွေ့ကျေးရွာအနီးတွင် တစ်နေရာ၊ အုမ္မခါးကျေးရွာအနီးတွင် တစ်နေရာ၊ ဂုတ်တွင်းရှုခင်းသာ အနီးတစ်ဝိုက်တွင် တစ်နေရာ၊ နောင်ပစ်လမ်းခွဲနေရာတွင် တစ်နေရာ၊ နောင်ပစ်နှင့် နောင်ပိန်းကျေးရွာကြားနေရာတစ်ဝိုက်တွင် ခုနစ်နေရာတို့၌ မြေဖြုတ်ကျင်းများတူး၍ လမ်းအား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ အချို့နေရာများတွင် သစ်ပင်ကြီးများအား ခုတ်လှဲပိတ်ဆို့ခြင်းနှင့် မြေကြီးများ စုပုံပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှု ရပ်တန့်ခဲ့ရသည်။ ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ အရေးပေါ် ကျန်းမာရေးကိစ္စများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ဆုံးရှုံးနစ်နာမှုများစွာ တွေ့ကြုံခဲ့ရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ လမ်းပိတ်ဆို့ ဖျက်ဆီးထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၆ ရက်မှစ၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကာ အတားအဆီးများအား တစ်ဆင့်ပြီးတစ်ဆင့် ဖယ်ရှားရှင်းလင်း၍ အများပြည်သူ အဆင်ပြေချောမွေ့စွာ ပြန်လည်အသုံးပြုသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများ ပိတ်ဆို့ဖျက်ဆီးထားသည့် နေရာ ၁၂ နေရာတို့အား ပြန်လည်ဖယ်ရှားရှင်းလင်းပေးနိုင်ခဲ့ပြီး ကျောက်မဲမြို့အထိ ပုံမှန်အတိုင်းသွားလာနိုင်ပြီးဖြစ်ကာ အဆိုပါ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ကျန်ရှိသည့် နေရာများအားလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြု သွားလာနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးများအား ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ပျဉ်းမနားခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ ပျဉ်းမနားခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ခံအရာရှိက နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယာဉ်/ယန္တရားများ ထိန်းသိမ်းထားရှိမှုနှင့် ဖြန့်ခွဲထားမှု၊ နယ်စပ်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ထိန်းသိမ်းသိုလှောင်ထားမှုနှင့် ရုံးဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးဝင်းအတွင်း ယာဉ်/ယန္တရားများ ထိန်းသိမ်းထားရှိမှုနှင့် ကွံ့ခိုင်မှုအခြေအနေ၊ နယ်စပ်ဒေသများသို့ လှူဒါန်းထောက်ပံ့ပေးနိုင်ရန် ပစ္စည်းများ ထိန်းသိမ်းသိုလှောင်ထားရှိမှု၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ၊ ယန္တရားမောင်းနှင့် စက်ပြင် စသည့်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ရန် အိပ်ဆောင်နှင့် စားရိပ်သာပြုပြင်မွမ်းမံနေမှု၊ ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ခရိုင်ရုံးအသစ်တည်ဆောက်ရန် လျာထားသည့် မြေနေရာနှင့် ခရိုင်ရုံးဝင်းအတွင်း ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ချောက်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား လိုအပ်သည်များမှာကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပခုက္ကူခရိုင်ရုံးနှင့် ညောင်ဦးခရိုင်ရုံးတို့သို့ ရောက်ရှိပြီး ခရိုင်ရုံး ဝန်ထမ်းများနှင့် လက်အောက်မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်ရုံးသို့ ရောက်ရှိ၍ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မလှိုင်မြို့နယ်ရုံးနှင့် ဝမ်းတွင်းမြို့နယ်ရုံးတို့မှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ထိုသို့ မှာကြားရာတွင် မြင်းခြံခရိုင်ဦးစီးမှူး၊ တောင်သာမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ သာစည်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။ ထို့နောက် မိတ္ထီလာမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ



ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ်ရုံးနှင့် ရမည်းသင်းခရိုင်ရုံး၊ ညနေပိုင်းတွင် တပ်ကုန်းမြို့နယ်ရုံးတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆိုင်ရာများ စစ်ဆေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဝန်ထမ်းကောင်းများပီပီ ကွပ်ကဲကြပ်မတ်မှုနည်းနည်းဖြင့် လုပ်ငန်းတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ကျေပွန်စွာထမ်းဆောင်ရေး၊ စာကြည့်တိုက်လုပ်ငန်းများနှင့် လူငယ်အသိပညာပေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသားကျောင်းသူများအား အသိပညာပေးသင်တန်းများ၊ ပြပွဲများ၊ ပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ရန် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်အပါအဝင် လုံခြုံရေး ဂရုပြုဆောင်ရွက်ရေး တို့ကို အသေးစိတ်မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း GAP နည်းပညာပေးစိုက်ကွင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း GAP နည်းပညာပေးစိုက်ကွင်း(GAP Model Farm)ကို ကွင်းဆင်းစစ်ဆေးသည်။

GAP နည်းပညာပေးစိုက်ကွင်း(GAP Model Farm) တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံအမျိုး ၄၀ ကျော် စိုက်ပျိုးပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်ခြင်းမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုအထိ GAP စံနှုန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများ တိုးပွားလာရေး ပညာပေးဆွေးနွေးခြင်းအပြင်၊ GAP ထုတ်ကုန်များ၏ အာဟာရတန်ဖိုးနှင့် အစားအစာ ဘေးကင်းလုံခြုံမှု အာမခံချက်အပေါ် စားသုံးသူများ နားလည်ယုံကြည်ပြီး အသုံးပြုမှု တိုးပွားလာရေးကိုလည်း ကြိုးပမ်းသွားရန်လိုကြောင်း၊ GAP နည်းပညာပေး စိုက်ပျိုးပြသခြင်းနှင့်အတူ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ဒေသမျိုးရင်းများကို ရှာဖွေစုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သဘာဝမြေသြဇာ အသုံးပြုနည်းမျိုးစုံကို လက်တွေ့ပြသသည့် လုပ်ငန်းများကိုလည်း တစ်ပါတည်း



ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကြွယ်ဝလှသော သီးနှံဗီဇအရင်းအမြစ်များ မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ်ပေါ်စေရန်နှင့် စနစ်တကျ အသုံးပြုနိုင်ရန် ထိန်းသိမ်းကာကွယ်ရန်လိုကြောင်း၊ တစ်ချိန်တည်းတွင် အဆင့်မြင့်စိုက်ပျိုးရေးထုတ်ကုန် အမည်သစ်များကို နည်းစနစ်အသစ်များဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြည်တွင်းစားသုံးမှုအတွက် အစားအစာ ဘေးကင်းလုံခြုံသော စားရေရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပပို့ကုန်များ စံချိန်စံညွှန်းအရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ မြန်မာ-ဂျီအေပီ (Myanmar-GAP) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး စစ်ဆေးကြပ်မတ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး နည်းပညာပြန့်ပွားရေးနှင့် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)၌ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)တွင် “အခြေခံကွန်ပျူတာသင်တန်း”ကို ယနေ့နံနက် ၉ နာရီက အဆိုပါသင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက အခြေခံကွန်ပျူတာ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်း သင်တန်းသား ခြောက်ဦးနှင့် သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၀

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်းလုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ရုံးချုပ်ရှိ ဝန်ထမ်းသစ်များနှင့် နေ့စား ဝန်ထမ်းများအား လေ့ကျင့်ရေး သင်တန်း၊ အခြေခံကွန်ပျူတာ သင်တန်း၊ အခြေခံအင်္ဂလိပ်စာ သင်တန်းများနှင့် ခရိုင်၊ မြို့နယ်၊ မြို့ရုံးများရှိ ဝန်ထမ်းများအား Digital Library Management System(DLMS) အသုံးပြုနည်း၊ အခြေခံ စာကြည့်တိုက်ပညာ၊ အသစ်ခန့်အပ်သည့် ဒုတိယဦးစီးမှူးများအား လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း၊ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း သင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း။

ဌာန၏ လုပ်ငန်းများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်ဦးတည်၍ သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းတွင် ဝန်ထမ်းများအား စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်နိုင်စေရေး အတွက် ဦးစီးဌာနလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေး ဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ ဘာသာရပ်၊ ရုံးလုပ်ငန်းလက်စွဲ ဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်း ဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ ဝန်ထမ်းရေးရာနှင့် ပြင်/ထိန်းလုပ်ငန်းများ ဘာသာရပ်နှင့် စာရင်းစစ်ကန့်ကွက်ချက်မဖြစ်ပေါ်စေရေး ဘာသာရပ်များ၊ ပြည်သူ့စာကြည့်တိုက် လုပ်ငန်းများအား ခေတ်စနစ်နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရန် ပြည်သူ့စာကြည့်တိုက် စီမံခန့်ခွဲရေး လုပ်ငန်းများဘာသာရပ်၊ Digital Library Management System အသုံးပြုနည်း ဘာသာရပ်တို့ကို ပို့ချပေးမည်ဖြစ်ကြောင်း။

ထို့ပြင် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (MIL) ဘာသာရပ်၊ Talk Show မီဒီယိုနှင့် သတင်းဗီဒီယို တည်းဖြတ်ခြင်း ဘာသာရပ်နှင့် လူမှုမီဒီယာအကြောင်း သိကောင်းစရာဘာသာရပ်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဘာသာရပ်နှင့် လူမှုမီဒီယာအကြောင်း သိကောင်းစရာ ဘာသာရပ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေ ဘာသာရပ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲဆိုင်ရာ လုပ်ငန်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်နှင့် ဗီဒီယိုကြီးကြပ်ရေး လုပ်ငန်းများ စသည့် ဌာနခွဲများ၏ လုပ်ငန်းများဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် ပို့ချသည့်ဘာသာရပ်များသည် ဌာန၏လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ အသုံးပြုရမည်များကို ထည့်သွင်းပို့ချပေးခြင်း ဖြစ်သဖြင့် သင်တန်းက သင်ကြားပေးလိုက်သည့် ပညာရပ်များကို လေ့လာမှတ်သား ကြိုးစားလုပ်ဆောင်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးများမှ ဦးစီးအရာရှိ ၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ဘဝ၏ပျော်ရွှင်ခြင်း၊ အချစ်၏လှပခြင်း | THAR HTWE | ဦးဝင်းသူရလွင် အိပ်မက်အသစ်စာပေ |
| ၂။ | ရောရောယောင်ယောင် မောင်ဘမောင်ဝတ္ထုတိုများ (စတုတ္ထအကြိမ်) | မြင့်သန်း | ဦးစိန်ဝင်း နှစ်ကာလများစာပေ |
| ၃။ | ဆိပ်ကမ်း(ဒုတိယအကြိမ်) | အေးမင်းစော | ဦးလပြည့်ဝေး ဆန်းစသော်တာစာအုပ်တိုက် |
| ၄။ | ပြည်သူ့ရေးရာမူဝါဒ (ဒုတိယအကြိမ်) | ထင်အောင်အောင် | ဦးတင်စိုး ကောင်းဆုစံစာပေ |
| ၅။ | နွေမကြောက်သောစိန်ပန်းများနှင့် သုတရသစာစုများ | ချယ်ရီသက်သေ | ဒေါ်အိအိချို မြဝတ်ချိုစာပေ |
| ၆။ | ပန်းပွင့်များရဲ့ဒိုင်ယာရီ | ကြည်ကြည် | ဦးဟိန်းဇော် ဇာတိမြေစာပေ |
| ၇။ | မီးလောင်မြေ(တတိယအကြိမ်) | မြသန်းတင့် | ဦးနေဝင်း ဘဝတက္ကသိုလ်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## သာကေတမြို့နယ်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ဧရာဝဏ်လမ်းရှိ ပြည်သူ့ဆေးရုံဘေးရေမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ သာကေတမြို့နယ် ဇင်္ဂမလမ်း လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းနေမှု၊ အမှတ်(၁)ဈေး ရောင်းဝယ်ဖောက်ကားနေမှု၊ ဗိုလ်မြတ်ထွန်းမြစ်ထွက်ပေါက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်အတွက် အလှမီးပုံးများ ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါနေရာများသို့ ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝင်းအတွင်းရှိ ရေစစ်ကန်နှစ်ကန်ကို ပြန်လည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အနီးရှိရပ်ကွက်အချို့နှင့် ပြည်သူ့ဆေးရုံသို့ ရေပေးဝေနိုင်ရေးဆောင်ရွက်ရန်၊ ဧရာဝဏ်လမ်းတစ်လျှောက် သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီး လမ်းသားတိုးချဲ့ခင်းရန်၊ ဇင်္ဂမလမ်းအား ကွန်ကရစ်လမ်းသား တိုးချဲ့ခြင်းလုပ်ငန်းပြီးစီးပါက ရေစီးရေလာ ကောင်းမွန်စေရေး လမ်းဘေးရေမြောင်းများ စနစ်တကျဖောက်လုပ်ထားရှိရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းတိုးချဲ့မှုလုပ်ငန်း ဆောင်ရွက်နေစဉ် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊ ဇင်္ဂမလမ်းရှိဈေးများနှင့် ကုန်စည်ပွဲရုံများဌာန အမှတ်(၁)ဈေးရုံအဝင်လမ်းကို ခင်းကျင်းပေးရန်၊ ဗိုလ်မြတ်ထွန်းမြစ် ထွက်ပေါက်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံ့စီးပွားမြှင့်တင်ရေး မင်္ဂလာစစ်ကိုင်းကျောက်မျက်ဈေး ဖော်ဆောင်ပေး

ဒေါက်တာ တင်မာမာဦး

**မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာများ၊ ဓာတ်သတ္တုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များပါဝင်သည့် သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး ကမ္ဘာပေါ်တွင် ကျောက်စိမ်းထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ရာ သတ္တုနှင့် သတ္တုရိုင်းများ၊ ကျောက်စိမ်းများ၊ အခြားသတ္တုများ၊ တွင်းထွက်ကျောက်များနှင့် သတ္တုတို့ကို တန်ဖိုးမြှင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာများကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများစွာ ရှာဖွေပေးလျက်ရှိပါသည်။ ထို့အပြင် အရည်အသွေးမြင့် ကျောက်စိမ်းနှင့် ပတ္တမြားရရှိနေသည့် ကမ္ဘာ့အကြီးမားဆုံး အရင်းအမြစ် နိုင်ငံတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့ပတ္တမြားထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းနှင့် ကျောက်စိမ်းထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှဖြစ်ကြောင်းလည်း သိရှိရသည်။**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မင်္ဂလာစစ်ကိုင်းကျောက်မျက်ဈေးတွင် ကျောက်စိမ်းအချောထည်ရောင်းချမှုများကို ကြည့်ရှုအားပေးစဉ်။

မြန်မာနိုင်ငံ၏ တွင်းထွက်ရတနာများအနက် ကျောက်စိမ်းသည် အများဆုံးထွက်ရှိသည့် ပစ္စည်းဖြစ်သည်။ ကျောက်စိမ်းကို လက်ဝတ်ရတနာပြုလုပ်ရာတွင် အသုံးပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် လူ့အသုံးအဆောင်များ ပြုလုပ်၍လည်း သုံးစွဲလာကြောင်း တွေ့ရှိရသည်။ ကျောက်စိမ်း၏တန်ဖိုးမှာ မနိမ့်လွန်း/ မမြင့်လွန်းရှိသည့်အတွက် လူတိုင်းနီးပါး သုံးစွဲနိုင်သည်။

ကျောက်စိမ်းသည် နှစ်ထောင်ပေါင်းများစွာကပင် အရှေ့တိုင်းသားတို့၏ နှလုံးအိမ်၌ ဝင်ရောက်နေရာယူပြီး တန်ဖိုးထားမှု အတိုင်းအတာအားဖြင့် မြင့်မားခဲ့သောကျောက်ဖြစ်သည်။ တရုတ်လူမျိုးတို့သည် ကျောက်စိမ်းကို ဝတ်ဆင်မှုသာမက လက်နက်ကိရိယာများကို တန်ဆာဆင်ရာတွင် အသုံးပြုခဲ့ပြီး ကျောက်မျက်တို့၏ အချုပ်အခြာအဖြစ် သတ်မှတ်ခဲ့သည်။

စစ်ကိုင်းမြို့တွင် ကျောက်စိမ်းအချောထည် လုပ်ငန်းများစွာရှိပြီး ကုန်ကြမ်းများကို ဖားကန့်မှလည်းကောင်း၊ မန္တလေးမြို့မှလည်းကောင်း ဝယ်ယူကြကာ ကျောက်ဖြတ်ခြင်း၊ ကျောက်သွေးခြင်း၊ အရောင်တင်ခြင်း၊ အပေါက်ဖောက်ခြင်း၊ ကြိုးသီခြင်း လုပ်ငန်းများကို မိသားစုများအပါအဝင် လုပ်သားများငှားရမ်း၍ အိမ်တွင်းတစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ငန်းများအဖြစ် လုပ်ကိုင်ကြသည်။

ကျောက်စိမ်းအချောထည်အဖြစ် စိပ်ပုတီး၊ လည်ဆွဲ၊ လက်ပတ်၊ ပန်းပု စသည့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး အရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်၍ ရောင်းချကြရာ လုပ်ငန်းရှင်အနည်းစုက ကျောက်စိမ်းအရိုင်းတုံးများကို အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရှိရသည်။

### ကျောက်စိမ်းအချောထည်များ

စစ်ကိုင်းမြို့၌ ယခင်က ကျောက်စိမ်းရောင်းဝယ်ရေး ပြုလုပ်နေကြသော ဒေသခံပြည်သူများသည် ဘော်ဂါရပ်ကွက်၌ရှိသော လမ်းဘေးတွင် အဆင်ပြေသလို ကျောက်စိမ်းအချောထည်များကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်။ ယခုကဲ့သို့ ကျောက်စိမ်းအချောထည်များကို လမ်းဘေးတွင် ဈေးဆိုင်များဖွင့်လှစ်ရောင်းချခြင်းသည် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများအတွက် သွားလာရေးအဆင်မပြေဘဲ လမ်းပိတ်ဆို့စေခြင်း၊ စည်ပင်သာယာရေးဥပဒေနှင့် ကိုက်ညီမှုမရှိခြင်းနှင့် ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်လည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော် ၏ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ စစ်ကိုင်းမြို့သို့ လာရောက်သည့်ခရီးစဉ်တွင် စစ်ကိုင်းမြို့၌ တရားဥပဒေစိုးမိုးမှုရှိပြီး စနစ်ကျသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အသိအမှတ်ပြု ကျောက်မျက်ရတနာဈေးတစ်ဈေး ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

### မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးအဖြစ် ပြောင်းလဲဖွင့်လှစ်

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စစ်ကိုင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ မင်္ဂလာစစ်ကိုင်းဈေးသစ်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေသည့် Triple Circle Co.,Ltd မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ Triple Circle Co.,Ltd က မင်္ဂလာစစ်ကိုင်းဈေးသစ် ဖွင့်လှစ်မည့်နေရာတွင် မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ညွှန်ကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအပေါ် စစ်ကိုင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲပြီး ကျောက်မျက်ရတနာဈေးဖြစ်မြောက်ရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုံခြုံရေးနှင့် ကျောက်မျက်ဈေး စနစ်တကျဖြစ်စေရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချနိုင်ရေးဆောင်ရွက်ခဲ့ရာ ကျောက်မျက်ရတနာဈေးဖွင့်လှစ်မည့် Mingalar Sagaing Market နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းတို့က ကျောက်မျက်ရတနာဈေးဖွင့်လှစ်ပြီး အရောင်းအဝယ်ပြုလုပ်ရန် ဆိုင်ခန်းငှားရမ်းခြင်းအတွက် နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခြင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းစက်မှုဇုန် မင်္ဂလာစစ်ကိုင်းဈေးသစ်တွင် မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးသစ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့ နံနက်တွင် ဖွင့်လှစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးထွန်းဝေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်နှင့် Triple Circle ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေ်မေ်သိန်းတို့က မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

### ဆိုင်ခန်းပေါင်း ၃၅၀ ကျော်

စစ်ကိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည့် မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးကြီးသည် ဧရိယာ စတုရန်းပေ ၂၄၆၀၀ အကျယ်တွင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော်ပါဝင်သော ဈေးကြီးဖြစ်ပြီး ဈေးအဆောက်အအုံများသည် အမိုးအကာ လုံလုံခြုံခြုံရှိကာ စနစ်တကျတည်ဆောက်ထားခြင်း၊ လုံခြုံမှုအပြည့်အဝရှိခြင်းနှင့် အဆင့်မြင့်စွာ ဖြန့်ဖြူးရောင်းချနိုင်သော နေရာဖြစ်ရာ ဝယ်ယူရန်စိတ်ချရသောနေရာဖြစ်သည့်အတွက် ဒေသခံရောင်းဝယ်သူများအပြင် နိုင်ငံခြားသားများပါ လာရောက်သည့် နေရာတစ်ခုဖြစ်ကာ နေ့စဉ်ကျောက်စိမ်းအချောထည်များ ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ✤





မင်္ဂလာစစ်ကိုင်းကျောက်မျက်ဈေးတွင် ရောင်းချနေသည့် ကျောက်စိမ်းအချောထည်များ။

# ပြည်ပမှ စက်သုံးဆီသင်္ဘောများ သီလဝါဆိပ်ကမ်းသို့ အဆက်မပြတ်ရောက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသကြီးရှိ Teminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာ သိုလှောင်ကန်များသို့ နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စက်သုံးဆီတင်သင်္ဘောသုံးစင်းမှ စက်သုံးဆီများအား ချယူဖြည့်တင်းပေးလျက်ရှိပြီး ထပ်မံ၍ ဆီချယူဖြည့်တင်းရန် အသင့်စောင့်ဆိုင်းနေသည့် စက်သုံးဆီတင်သင်္ဘောတစ်စင်း ရှိကြောင်းနှင့် ထပ်မံဝင်ရောက်မည့် စက်သုံးဆီတင် သင်္ဘောများရှိကြောင်း သိရသည်။

## ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့

စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ် (Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင် ဖြန့်ဖြူးလျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၉၆၀ သို့ ဆီသယ်ယာဉ် (Bowser) ၁၃၁၁ စီးဖြင့် 92 Ron ဂါလန် ၁ သန်း ၄ သိန်း ၇ သောင်းကျော်၊ 95 Ron ဂါလန် ၃ သိန်း ၃သောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၁ သန်း ၄ သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ၁ သန်း ၂ သောင်းကျော်ကို ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ပြည်သူများအနေဖြင့် စက်သုံးဆီများကို အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများမှ လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


KALIMANTAN PALM


Asia Energy ( မန္တလေး)


SPC(စမ်းချောင်း)


BOC (တောင်ကြီး)

❖ စာမျက်နှာ ၆ မှ

စစ်ကိုင်းမြို့၌ ယခင်က ကျောက်စိမ်းရောင်းဝယ်ရေးပြုလုပ်နေကြသော ဒေသခံပြည်သူများသည် ဘော်ဂါရပ်ကွက်တွင်ရှိသော လမ်းဘေး၌ အဆင်ပြေသလို ကျောက်စိမ်းအချောထည်များ အရောင်းအဝယ် ပြုလုပ်ခဲ့ကြရာမှ ယခုလို တစ်နေရာတည်း ရောင်းသူများသာမက ဝယ်သူများပါ အဆင်ပြေစွာ အရောင်းအဝယ်များ ဆောင်ရွက်ကြရသည့်အပေါ်တွင် ကျောက်စိမ်းအချောထည် အရောင်းအဝယ်ပြုလုပ်သူတစ်ဦးက **စစ်ကိုင်းမြို့တွင် ယခုဖွင့်လှစ်သည့် မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးသည် ကျောက်မျက်ရောင်းဝယ်သူများအတွက် စနစ်တကျ အဆင်ပြေစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ခမ်းနားထည်ဝါသော ဈေးကြီးတစ်ခုဖြစ်ပါကြောင်း၊ ယခင်က ဘော်ဂါရပ်ကွက်အတွင်း ရောင်းချရာ၌ နေရာသတ်မှတ်ချက် စနစ်တကျမရှိဘဲ အဆင်ပြေသလို ရောင်းချရသဖြင့် ပစ္စည်းအရည်အသွေး တူသော် ဈေးအတွင်း ကျောက်မျက်များ ရောင်းချရာတွင်လည်း ဈေးနှုန်းကွာဟချက်များ ရှိခဲ့ကြောင်း၊ အခု တစ်နေရာတည်း၌ စနစ်တကျ အဆင်ပြေစွာ ရောင်းချနိုင်ပြီး ဈေးနှုန်းကွာဟမှု မရှိကြောင်း၊ ဈေးသစ်ကြီးသည် သန့်ရှင်းသပ်ရပ်မှုရှိကာ လုံခြုံမှုရှိခြင်းတို့ကြောင့် ရောင်းသူ၊ ဝယ်သူ အဆင်ပြေကြကြောင်း၊ ကျောက်ကြမ်းဝယ်၍ ရရှိလာသည့် ကျောက်ကို အိမ်တွင် ဖြတ်တောက်ပြီး ယခုဈေး၌ တစ်နေရာတည်း စုပြီးလာရောက်ရောင်းချကြကြောင်း** ပြောကြားသည်။


ဈေးကြီးအတွင်း ကျောက်မျက်အချောထည်များကို ရောင်းဝယ်နေကြသူများ။

**❝စစ်ကိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည့် မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးကြီးသည် ဧရိယာစတုရန်းပေ ၂၄၆၀၀ အကျယ်တွင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော်ပါဝင်သော ဈေးကြီးဖြစ်ပြီး ဈေးအဆောက်အအုံများသည် အမိုးအကာ လုံလုံခြုံခြုံရှိကာ စနစ်တကျ တည်ဆောက်ထားခြင်း၊ လုံခြုံမှုအပြည့်အဝရှိခြင်းနှင့် အဆင့်မြင့်စွာ ဖြန့်ဖြူးရောင်းချနိုင်သော နေရာဖြစ်ရာ ဝယ်ယူရန် စိတ်ချရသောနေရာဖြစ်သည့်အတွက် ဒေသခံရောင်းဝယ်သူများအပြင် နိုင်ငံခြားသားများပါ လာရောက်သည့်နေရာတစ်ခုဖြစ်ကာ နေ့စဉ် ကျောက်စိမ်းအချောထည်များ ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိ❞**

### ကျောက်အချောထည်ပုတီးလုပ်ငန်းနှင့် လက်ဝတ်ရတနာလုပ်ငန်း

ယခုဈေးကြီးဖွင့်လှစ်ပေးခြင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ စီးပွားရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ခြင်း၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး ကျောက်အချောထည် ပုတီးလုပ်ငန်းနှင့် လက်ဝတ်ရတနာလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းကြောင့် ဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း၊ ကျောက်မျက်ရတနာဈေးတွင် လာရောက်ရောင်းဝယ်ကြသူများမှ နိုင်ငံတော်သို့ ပေးသွင်းသည့် အခွန်အခများ ရရှိသဖြင့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့ဆေးရုံ-တပ်ကုန်းမြို့၊ ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံ-ရမည်းသင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံ-တပ်ကုန်းမြို့သို့ရောက်ရှိပြီး ခွဲစိတ်ခန်း၊ ခွဲစိတ်မှန်ခန်း၊ Oxygen Plant၊ ပြင်ပလူနာဌာန၊ အထူးကုပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်နှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆေးရုံများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးထားပါကြောင်း၊ လိုအပ်ချက်ရှိပါက ပြန်လည်တင်ပြရန်၊ လူနာများစိတ်ချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်သူများအားကိုးရသည့် ဆေးရုံတစ်ရုံဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းကြရန်၊ ယခုအခါ အထူးကုပြင်ပလူနာဌာနများကိုလည်း တိုးမြှင့်ဖွင့်လှစ်ထားသည့်အတွက် ပြည်သူများအား စနစ်တကျဝန်ဆောင်မှုပေးရန်၊ အထူးကုကွင်းဆင်းခရီးစဉ်များကိုလည်း လိုအပ်သည့်နေရာများတွင် သွားရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ဆောင်ရွက်နေသော ကာကွယ်ဆေးများကို ရည်မှန်းဦးရေ ပြည့်မီအောင်ထိုးနှံပေးရန်၊ မိခင်နှင့်ကလေးကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ခရိုင်ပြည်သူ့ဆေးရုံ-ရမည်းသင်းမြို့သို့ရောက်ရှိပြီး သွားနှင့်ခံတွင်းဌာန၊ ခွဲစိတ်ခန်း၊ ခွဲစိတ်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုကာ လူနာများကို အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကူးစက်ရောဂါများဖြစ်သည့် တီဘီ၊ အိတ်ချ်အိုင်ဗွီ၊ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ဆီးချိုသွေးချိုရောဂါကဲ့သို့ မကူးစက်နိုင်သော ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်၊ ပြည်သူများအား ဆေးကုသမှုကုန်ကျစရိတ် မရှိအောင် စီစဉ်ဆောင်ရွက်ပေးရန်နှင့် လက်ရှိအင်အားဖြင့် ဆေးရုံ၏လုပ်ငန်းဆောင်ရွက်ချက်များကို စွမ်းအားအပြည့်ရရှိပြီး အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတလည်မြို့၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ဆောင်ရွက်ပေး



ပြည် နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်မြို့နယ် ပေါင်းတလည်မြို့ တိုက်နယ်ဆေးရုံ၌ နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်းတလည်မြို့ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ရောဂါရှာဖွေပေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ဆေးဝါးပြတ်လပ်မှုမရှိစေရေး၊ ရပ်ကွက်/ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူသူများ သက်သောင့်သက်သာ နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဆေးရုံပြလူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကာ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ပေါင်းတလည်မြို့ တိုက်နယ်ဆေးရုံ၌ ခွဲစိတ်၊ ဖျားနာ၊ မျက်စိ၊ သားဖွား/မီးယပ်၊ အရိုးအကြော၊ အစာအိမ်/အူလမ်းကြောင်း စသည့်ရောဂါဝေဒနာများအား စစ်ဆေးပေးခြင်းအပြင် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စုရှိ တောင်သူဦးမြင့်ရွှေ၏ မိုးစပါးထိုင်းနံ့ကောက် ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့ရာ အစိုတင်း ၁၅၀၊ အခြောက်တင်း ၁၃၆ တင်း ထွက်ရှိခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ သဲကျဲကြီးကျေးရွာအုပ်စုရှိ မိုးနှောင်းချည်မျှင်ရှည်ဝါအထူးဇုန် ဧက ၃၈၀ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ဝါကောက်သိမ်းပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး သင့်တော်သည့် ဝါဈေးနှုန်းရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စက်ရေတွင်းတူးဖော်နိုင်ရေး ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်း၌ သီရိခေတ္တရာဆင်စခန်းအား ဆင်စာကျွေး ဖွင့်လှစ်ပေးခဲ့ပြီး လာရောက်လည်ပတ်သူပြည်သူများ သရေခေတ္တရာမြို့ဟောင်းအတွင်း ဆင်စီး၍ လည်ပတ်နေမှုအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပြည်မြို့နယ် မှတ်ရှည်ကျေးရွာအုပ်စု တောင်သူ ဦးကျော်စွာဝင်း၏ ပီလောပီနံ စံပြစိုက်ခင်း ဧက ၅၀ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် မှော်ဇာဈေး ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



မိုးညို နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ ၂၀၂၃ ခုနှစ် ပြည်သူ့ကျန်းမာရေးညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မိုးညိုမြို့ မြို့မရပ်ကွက်ရှိ ဘုန်းတော်ကြီးသင်ပညာရေး(ပရဟိတ)ကျောင်းရှိ ကလေးငယ်များအား ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးသည်။

ကျန်းမာရေးဌာနအနေဖြင့် "လူတိုင်းအသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ပရဟိတကျောင်းရှိ အသက်ငါးနှစ်အောက်ကလေးငယ်များအား အာဟာရကျန်းမာရေးအတွက် ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ လက်မောင်းလုံးပတ်တိုင်းတာပေးခြင်းနှင့် အခမဲ့ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သောဆေးဝါးနှင့် ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၁၆၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ**

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၀-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၃-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၁၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

☆ ကျောဖုံးမှ

နိုဝင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စုပထမပွဲတွင် မြန်မာအသင်းက ဂျပန်အသင်းကို ငါးဂိုးပြတ်၊ မြောက်ကိုရီးယားအသင်းက ဆီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ထားသည်။ ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းက သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားများ တက်ရောက်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက "မြောက်ကိုရီးယားအသင်းရဲ့ ခြေစွမ်းကို သိပ်မသိပေမယ့် အာရှအားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့တဲ့ ယူ-၂၄ အသင်းကတော့ ခြေစွမ်းကောင်းမွန်တာ တွေ့ရပါတယ်။ အဲဒီအသင်းက ကစားသမားလေးဦး လောက်ပါဝင်လာပါတယ်။ ဆီးရီးယားအသင်းနဲ့ ကစားခဲ့တဲ့ မြောက်ကိုရီးယားအသင်းရဲ့ ခြေစွမ်းကို သေချာလေ့လာထားပါတယ်။ ကျွန်တော်တို့ မြောက်ကိုရီးယားအသင်းနဲ့ တွေ့ဆုံတိုင်း သရေတောင် မကစားနိုင်ခဲ့ပေမယ့် အခုပွဲမှာတော့ အမှတ်ရအောင် ကစားသွားပါမယ်"ဟု ပြောကြားခဲ့သည်။ မြောက်ကိုရီးယားလက်ရွေးစင်အသင်းနည်းပြချုပ် ဆင်ယောင်နမ်က "မြန်မာအသင်းနဲ့ကစားမယ့်ပွဲအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်။ ပွဲရလဒ်ကတော့ ကစားတဲ့အခါမှ သိရမှာပါ။ မြန်မာအသင်းနဲ့ပွဲမှာ အကောင်းဆုံးရလဒ်ရရှိဖို့ ကြိုးစားသွားမှာပါ။ မြန်မာရော မြောက်ကိုရီးယားပါ အဖွင့်ပွဲမှာ အရေးနိမ့်ထားလို့ အခုပွဲက နှစ်သင်းစလုံးအတွက် အရေးကြီးပါတယ်"ဟု ပြောကြားခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**


# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၃) သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၀

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၀၃) ၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးရခြင်းသည် စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊ အခြေခံပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ မိမိတို့ ထမ်းဆောင်ရသည့် တာဝန်များအပေါ် တန်ဖိုးထားတတ်ပြီး ယုံကြည်ချက်၊ ခံယူချက် ပိုမိုမြင့်မားလာစေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကိုလိုက်နာပြီး နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်အပါး ၃၀ ကို စောင့်ထိန်းကာ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ချမှတ်ထားသော သင်တန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဟူသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်းကောင်းသော ဆရာ ဆရာမများဖြစ်အောင် ကြိုးစားသွားကြရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား



လူငယ်များအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်ပြီး ယဉ်ကျေးလိမ္မာသော နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၁၀၃)သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၅၅ ဦး စုစုပေါင်း ၃၈၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ပပျောက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) ကို အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းကော်မတီ (၈) ရပ် ဖွဲ့စည်းကာ ၂၀၁၉ ခုနှစ်ကစပြီး စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍတို့ကို ဦးစားပေးသတ်မှတ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့အား ကနဦး



စီမံချက်နယ်မြေများအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်သည် ပထမငါးနှစ်စီမံချက် (၂၀၁၉-၂၀၂၃ ခုနှစ်) ၏ နောက်ဆုံးနှစ်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

လုပ်ငန်းကော်မတီ ရှစ်ခုအနေဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စီမံချက်ကာလ ငါးနှစ်အတွက် ကနဦး အညွှန်းကိန်းရလဒ်များ ရရှိအောင် ဖော်ဆောင်ခြင်းဖြင့် ဒုတိယငါးနှစ် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်) အား ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် ပထမငါးနှစ်စီမံချက် လုပ်ငန်းဆောင်ရွက်ချက်သည် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တစ်ခုလုံး အောင်မြင်စေရန် အလွန်အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း။

အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ အားသာချက်၊ အားနည်းချက်၊ ကြုံတွေ့ရသည့် အခက်အခဲများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပေးစေလိုကြောင်း၊ ယခုဆွေးနွေးပွဲ၏ရလဒ်များကို ပြန်လည်သုံးသပ်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးအကြံပြုပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင်က တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြဝတီမြို့နယ်၌ (၃၄)ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့အခမ်းအနား ကျင်းပ

မြဝတီ နိုဝင်ဘာ ၂၀

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ (၃၄)ကြိမ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြဝတီမြို့ ဗုဒ္ဓဘာသာတရုတ်ဘုံကျောင်း အစည်းအဝေးခန်းမဆောင်တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်နိုင်က ကမ္ဘာ့ကလေးများနေ့ ပြုလုပ်ကျင်းပရခြင်းအကြောင်း ပြောကြားကာ ကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**ထွန်းထွန်းဦး**

# ပန်းတနော်မြို့၌ အိမ်တွင်းလက်မှုပညာလုပ်ငန်း( ယို/ ဖျော်ရည်)သင်တန်းဖွင့်လှစ်

ပန်းတနော် နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (ယို/ ဖျော်ရည်) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန မအူပင်ခရိုင် ဦးစီးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် သင်တန်းသားများ အနေဖြင့် အိမ်တွင်းလက်မှုအတတ်ပညာမှ တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းအဖြစ် လုပ်ကိုင်တတ်စေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း



ရှင်းလင်းပြောကြားသည်။

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု(ယို/ ဖျော်ရည်) နည်းပညာပေးသင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# မိုင်းတုံမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုင်းတုံ နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် နားကောင်းမူး (အပိုင်း-၁) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၄၅၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၀၁ သန်း စုစုပေါင်း ရန်ပုံငွေ ၁၉ ဒသမ ၀၁ သန်းကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

# ပြည်ထောင်စုစာရင်းစစ်ချုပ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

စာရင်းစစ်ဆေးရေး လုပ်ငန်းများကို သတ်မှတ်လျာထားချက်များနှင့်အညီ အကောင်အထည်ဖော်ရန်လိုအပ်သကဲ့သို့ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သုံးသပ်အကြံပြုချက်များအပေါ် ပြုပြင်ပြောင်းလဲမှုများ၊ အရေးယူဆောင်ရွက်မှုများ အချိန်မီဆောင်ရွက်နိုင်စေရန်အတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးဝန်ထမ်းများကို နေပြည်တော်ရှိ ဒက္ခိဏခရိုင်စာရင်းစစ်ရုံး၌ တွေ့ဆုံစဉ် ပြောကြားသည်။



### အစီရင်ခံတင်ပြရန်လိုအပ်

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် အရေးကြီး စစ်ဆေးတွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရန် လိုအပ်ကြောင်း၊ ထို့ပြင် ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုက်နာကြရန်နှင့် သတင်းအချက်အလက်များ လုံခြုံမှုရှိစေရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ်က စီမံရေးရာနှင့် စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး နေပြည်တော်စာရင်းစစ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်/ မြို့နယ် စာရင်းစစ်ရုံး တာဝန်ခံအရာထမ်းများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နေပြည်တော်စာရင်းစစ်ရုံးနှင့် ဒက္ခိဏခရိုင်/ မြို့နယ် စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာများအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လူငယ်ရေးရာ

# ဗိုလ်တထောင်မြို့နယ် အထက(၁) ၌ လူငယ်စကားဝိုင်း ကျင်းပ

ဗိုလ်တထောင် နိုဝင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင် မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းစတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗိုလ်တထောင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်စန်းစန်းအေးတို့က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူခြောက်ဦးက လူငယ်နှင့်စာပေ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပြီး ဗိုလ်တထောင်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်လင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော လူကုန်ကူးမှုအန္တရာယ်အသိပညာပေး၊ အမျိုးသမီးအကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေးအတွက် အမျိုးသမီးများ သိသင့်သော ဥပဒေများအကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခင်ဝင်းကြည်(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ကျိုက်မရော နိုဝင်ဘာ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အထက(ခွဲ)ကျိုက်မရော၌ ကျင်းပသည်။

ဦးစွာ အထက (ခွဲ)ကျိုက်မရော ကျောင်းအုပ်ဆရာမကြီးဒေါက်တာဒေါ်မိုးသန္တာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်အတွက် လူငယ်စကားဝိုင်းများကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှအားကစားမှူး ဦးကိုကိုဝင်းက လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ စသည့် ခေါင်းစဉ်များဖြင့်ပါဝင်ဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ပြည့်ဖြိုးက မြန်မာ့သိုင်းအားကစားဖြင့် သရုပ်ပြဖျော်ဖြေခဲ့ပြီး ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မိချို (ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြသ



ကျိုက်ထို နိုဝင်ဘာ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ကျိုက်ထိုမြို့ မူလွန်အမှတ်(၁) ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ပလတ်စတစ်အန္တရာယ်အကြောင်းနှင့် လူငယ်များအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ကလေးသူငယ်စစ်မှုထမ်းခြင်းမှကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။**ကျိုက်ထို(ပြန်/ဆက်)**

❍ ဘယ်လ်ဂျီယံမှ

အသင်းရဲ့ ခုနစ်ဦးမြောက် သွင်းဂိုးအများဆုံး ကစားသမားလည်း ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းကတော့ အိုက်စလန်အသင်းကို ဘရူနိုဖာနန်ဒက်စ်နဲ့ ရီကာဒိုဟော်တာတို့ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အခုယူရို ၂၀၂၄ ခြေစစ်ပွဲမှာ ၁၀ ပွဲစလုံး အနိုင်ရရှိခဲ့မှုနဲ့အတူ ရာနှုန်းပြည့်နိုင်ပွဲရတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ပေါ်တူဂီအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဘရူနိုဖာနန်ဒက်စ်ကတော့ အခုခြေစစ်ပွဲမှာ သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်ထားသူဖြစ်ပါတယ်။

စပိန်အသင်းနဲ့ ဂျော်ဂျီယာအသင်းတို့ပွဲစဉ်မှာ စပိန်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အခြားသောပွဲစဉ်တွေမှာတော့ ဆွီဒင်အသင်းက အက်စ်တိုးနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဆလိုဗက်ကီးယားအသင်းက ဘော့စနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လူဇင်ဘတ်အသင်းက လီချန်စတိန်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဟန်ဂေရီအသင်းက မွန်တီနီဂရိုးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ စကော့တလန်အသင်းနဲ့ နော်ဝေအသင်းတို့ပွဲစဉ်မှာ တစ်ဖက် သုံးဂိုးစီသရေ၊ ဆားဘီးယားအသင်းနဲ့ ဘူလ်ဂေးရီးယားအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေစသဖြင့် ရလဒ်များထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ယူရို ၂၀၂၄ ပြိုင်ပွဲရဲ့ နိုဝင်ဘာ ၁၉ ရက် ခြေစစ်ပွဲစဉ်တွေအပြီးမှာ သွင်းဂိုးအများဆုံး ကစားသမားတွေကတော့ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူက ၁၄ ဂိုး၊ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုက ၁၀ ဂိုး၊ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီက ကိုးဂိုး၊ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းက ရှစ်ဂိုး၊ ဒိန်းမတ်တိုက်စစ်မှူး ဟော့ဂျ်လန်းက ခုနစ်ဂိုး၊ စကော့တလန်ကွင်းလယ်လူ အမ်တိုမီနေးက ခုနစ်ဂိုး၊ ဆွစ်ဇာလန် တိုက်စစ်မှူး အမ်ဒူနီက ခြောက်ဂိုး၊ နော်ဝေတိုက်စစ်မှူး ဟာလန်းက ခြောက်ဂိုး၊ ပေါ်တူဂီကွင်းလယ်လူ ဘရူနိုဖာနန်ဒက်စ်က ခြောက်ဂိုး အသီးသီးသွင်းယူထားတာဖြစ်ပါတယ်။

ငွေကြယ်

# အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ ထွက်ပေါ်နေသောကောလာဟလသတင်းများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အခြေအနေများ၊ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသားများအား တရုတ်နိုင်ငံသို့ထပ်မံလွှဲပြောင်းပေးမှုအခြေအနေများ၊ ၂၀-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားမှုအခြေအနေများနှင့် နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက်ထုတ်လွှင့် နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

ဒီနေ့မှာတော့ အခြေခံပညာကျောင်းတွေနဲ့ပတ်သက်ပြီး ကောလာဟလများ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ တချို့သော မြို့နယ်တွေမှာ အခြေခံပညာကျောင်းတွေနဲ့ပတ်သက်ပြီး ကျောင်းပိတ်ရမယ့်အခြေအနေရှိတယ်၊ ကျောင်းပိတ်မယ်ဆိုတာမျိုးတွေကို ကောလာဟလထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မည်သည့်ကျောင်းမှ ပိတ်တာမရှိပါဘူး။ ပုံမှန်အတိုင်းဆက်လက်ဖွင့်လှစ်သွားမယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဒါတွေကို ကျွန်တော် မနေ့ကပြောခဲ့သလိုမျိုး နိုင်ငံတော်ရဲ့လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍတွေကို ထိခိုက်ပျက်စီးစေလိုတဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေက ကောလာဟလထုတ်လွှင့်နေတာပဲ ဖြစ်ပါတယ်။ တက်ရောက်ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စိတ်အေးချမ်းသာစွာ ဆက်လက်ပညာသင်ကြားကြဖို့ ပြောကြားလိုပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်၊ ကောလိပ်တွေကိုလည်း ဒီလ ၂၃ ရက်နေ့မှာ ပြန်ဖွင့်မှာဖြစ်ပါတယ်။ ၁၆ ရက်နေ့ကနေစပြီး ကျောင်းအပ်လက်ခံနေပြီ ဖြစ်ပါတယ်။ လက်ခံတဲ့နေရာမှာ အရင်နှစ်ကထက် ပိုမိုလက်ခံရရှိကြောင်း တွေ့ရပါတယ်။ ဒီကြားထဲမှာတော့ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ အဝေးသင်စာမေးပွဲတွေ ဖြေဆိုရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ လုံခြုံရေးအခြေအနေအရ လှိုင်ကော်နဲ့ ကသာမှာပဲ ဖြေဆိုလို့မရခဲ့တာရှိပါတယ်။ အဲဒီဒေသတွေမှာ စာမေးပွဲတွေကို ဆိုင်းငံ့ထားပြီးတော့ ပြန်လည်ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်လာတဲ့ တရုတ်နိုင်ငံသားတွေကို ထပ်မံလွှဲပြောင်းမှုပြုလုပ်ခဲ့ပါတယ်။ ဒီနေ့မှာတော့ တရုတ်နိုင်ငံသား ကျား ၉၈၂ ဦး၊ မ ၆၀ စုစုပေါင်း ၁၀၄၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အောင်မြင်စွာလွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်




နေ့ကနေ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ အမျိုးသား ၁၉၁၇ ဦး၊ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၂၀၅၉ ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ထိတွေ့တိုက်ပွဲအခြေအနေများအနေနဲ့ကတော့ ရှမ်းပြည်နယ်(အရှေ့မြောက်) ဒေသမှာတော့ နမ့်ခမ်းမြို့ထဲကို ကျွန်တော်တို့ လုံခြုံရေးပြန်လည်ရရှိရေး ဆောင်ရွက်နေတဲ့နေရာမှာ ထိတွေ့တိုက်ပွဲတချို့ရှိခဲ့ပါတယ်။ တာမိုးညဲနဲ့ နမ့်စလပ်မှာတော့ Drop Bomb တွေနဲ့လာပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ သိန္နီဘက်မှာတော့ မြို့ထဲမှာလုံခြုံရေး ပြန်လည်ရရှိရေးအတွက် စိုးမိုးမှုပြန်လည်ရရှိရေး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ လွိုင်ကော်ရဲ့ အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲတချို့ ဖြစ်ပွားခဲ့တာရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မနေ့ကလိုပဲ ထရွန်အိုင်နဲ့နန်းဘူးစခန်းတွေကို လာရောက်ပစ်ခတ်တာရှိပါတယ်။ အဲဒီမှာ တပ်မတော်သားတွေအနေနဲ့ ရှုပ်ရှုပ်ချုံချုံပြန်လည်ခုခံပြီး ပြန်လည်ချေမှုန်းခဲ့တဲ့အတွက် ရန်သူ့ဘက်မှာအကျအဆုံးများစွာ ရှိခဲ့ပါတယ်။ ဒဏ်ရာရမှုများစွာ ရှိခဲ့တယ်လို့ ကျွန်တော်တို့ သိခဲ့ရပါတယ်။ ဒီနေ့မှာ ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ဖြစ်ပေါ်နေတဲ့အခြေအနေတွေအရကောလာဟလသတင်းတွေကို အချိန်ကိုက်ထုတ်လွှင့်နေတာရှိပါတယ်။ ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ဖျက်မီဒီယာများနဲ့ ပူးပေါင်းပြီး ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ စီးပွားရေးအရ စက်သုံးဆီကဏ္ဍကို တိုက်ခိုက်ခဲ့တာရှိပါတယ်။ ဘဏ်လုပ်ငန်းတွေကို တိုက်ခိုက်ခဲ့တာရှိတယ်။ အခု ပညာရေးကဏ္ဍကို တိုက်ခိုက်တဲ့နေရာမှာတော့ ကောလာဟလဆိုတာထက် ကျောင်းတွေမှာ တီးတိုးဝါဒဖြန့်တဲ့ပုံစံမျိုးဖြစ်ပြီး ပြီးမှကောလာဟလဖြန့်တဲ့ပုံစံမျိုးနဲ့ ကျောင်းတွေပိတ်မယ်ဆိုတာမျိုးတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောကြားလိုတာကတော့ ကျွန်တော်တို့ပြည်သူလူထုအနေနဲ့၊ ကျောင်းသူ ကျောင်းသားတွေအနေနဲ့၊ မိဘတွေအနေနဲ့ မိမိတို့နိုင်ငံရဲ့အနာဂတ် ကျောင်းသားကျောင်းသူတွေရဲ့အနာဂတ်ကို လာရောက်ထိခိုက်စော်ကားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအဖျက်သမားတွေကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနဲ့ အားလုံးပူးပေါင်းပြီးတော့ ချေမှုန်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများသည် မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နယ်ဘဏ်ခွဲအချို့သည် မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုများနှင့်အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါသတင်းများကိုဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှ ငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများက စိုးရိမ်ပူပန်မှုများ မြင့်တက်ကာ ဘဏ်များမှငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရပါသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့် အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ကောလာဟလများကို ယုံကြည်ပြီး ဘဏ်များမှငွေများကို လိုသည်ထက် ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် ဘဏ်များ၏ ပြင်ပတွင် ငွေသားများ လိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်စျေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊ မည်သည့်နေရာတွင်သုံးစွဲသည်စသည့် သံသယဖြစ်ဖွယ်အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်း ခံရနိုင်ဖွယ်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဘဏ်များတွင် ငွေသားများအလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းဝန်ထမ်းများကိုအခြေခံ၍ တပ်ခွဲ နှစ်ခွဲ ဖွဲ့စည်းသည်ဆိုသည့်စာသည် လုပ်ကြံစာအတုသာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံ့ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းဝန်ထမ်းများကိုအခြေခံ၍ တပ်ခွဲနှစ်ခွဲ ဖွဲ့စည်းထားသည်ဆိုသော လုပ်ကြံသတင်းအတုတစ်စောင် နိုဝင်ဘာ ၁၇ ရက်တွင် လူမှုကွန်ရက်၌ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

ယင်းလုပ်ကြံသတင်းအတုတွင် ဌာနအလိုက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် တက်ရောက်ပြီးသော ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း ဝန်ထမ်းများကို အခြေခံ၍ တပ်ခွဲနှစ်ခွဲ ဖွဲ့စည်းထားပြီး လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်အတွက် လိုအပ်ပါက တပ်ခွဲတစ်ခွဲသည် ရုံးပြင်ပထွက်၍ ကူညီရှာဖွေကယ်ဆယ်ရေးတာဝန်ထမ်းဆောင်ရန်နှင့် ကျန်တပ်ခွဲတစ်ခွဲဖြင့် ပုံမှန်ရုံးလုပ်ငန်းနှင့် အုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းအပြင် လတ်တလောအခြေအနေအရ မိမိရုံးဌာနအလိုက် ဖွဲ့စည်းထားသော တပ်ခွဲနှစ်ခွဲကို ဌာနအကြီးအကဲက ကွပ်ကဲရန်နှင့် တပ်ခွဲနှစ်ခွဲ ဖွဲ့စည်းမှုကို ပူးတွဲပါအတိုင်းပြုစု၍ ၁၇-၁၁-၂၀၂၃ ရက်နေ့အရောက် မပျက်မကွက်ပေးပို့တင်ပြရန် အကြောင်းကြားပါသည်ဟုလည်း လုပ်ကြံသတင်းအတုတွင် ဖော်ပြထားသည်။

ယင်းမှာ လတ်တလောဖြစ်ပေါ်နေသော နိုင်ငံရေးမတည်ငြိမ်မှုကို အခွင့်အရေးယူ၍ မတည်မငြိမ်ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနေသော သတင်းအတုသာဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**မျိုးခိုင်**

## သဲကုန်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွင်း ဆောင်းသီးနှံ ၆၉၉၂၄ ဧက စိုက်ပျိုးမည်

**သဲကုန်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွင်း ဆောင်းသီးနှံ ၆၉၉၂၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးစေခြင်း၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာကျင့်သုံးစေခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲစေခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်နှိမ်နင်းနည်း စသည်တို့ကို ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

သဲကုန်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၄၆၆၆ ဧက၊ နှမ်း ၂၃၃၉ ဧက၊ ပဲမျိုးစုံ ၃၄၃၁၈ ဧက၊ ဖူးစားပြောင်း ၈၂၂၆ ဧက၊ ကြံ ၇၀၂၈ ဧက၊ ကြက်သွန်နီ ၄၂၁ ဧက၊ ငရုတ်စို ၂၀၇ ဧက၊ ဟင်းသီးဟင်းရွက် ၁၁၇၄၈ ဧက၊ ပန်းအမျိုးမျိုး ၂၇၁ ဧက စုစုပေါင်း ၆၉၂၂၄ ဧက လျာထားစိုက်ပျိုးမည် ဖြစ်ရာ ယမန်နေ့အထိ ၇၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၆ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် )

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက် (၁၀၀/၁၀၁)၊ အခန်း (၁၀၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၄၁) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လေဘာပါတီ (Labour Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၇ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် )

**လေဘာပါတီ (Labour Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁) ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ အမှတ် (၃၃/၄၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လေဘာပါတီ (Labour Party)** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လေဘာပါတီ (Labour Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၄၂) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်နိုင်ပါကြောင်း ဖိတ်ခေါ်ခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူ များနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၃ ခုနှစ်၊ ဆောင်ပုဒ်ဖြစ်သည့် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့ကိုယ်တိုင် ရေးသားထားသည့် ဆောင်းပါးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerable group.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၄.၁၁.၂၀၂၃)ရက်၊ သောကြာနေ့၊ ညနေ (၁၆:၀၀) နာရီအထိ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၈ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၁၉)၊ ၃၀-၅-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄/၂၀၂၃) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ (စ)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် ၃၀-၅-၂၀၂၃ ရက်နေ့မှ ၂၇-၈-၂၀၂၃ ရက်နေ့အထိ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို ဥပဒေသတ်မှတ်ချက်အတိုင်း စည်းရုံးမှုမပြုနိုင်ခြင်း၊ ပါတီဝင်အင်အားပြည့်မီရေးအတွက် ၃၁-၁၀-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့သော်လည်း သတ်မှတ်ချက်နှင့် ကိုက်ညီသော အင်အားစာရင်းအား တင်ပြနိုင်မှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါသဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၉) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေသောကြောင့် ၂၀-၁၁-၂၀၂၃ရက်နေ့၌ကျင်းပသောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၂၃) တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ထန်းတပင်မြို့နယ်၌ မျိုးစေ့ချကိရိယာ ၃၅၈ လက်နှင့် ကျေးရွာသစ်လှူပ်ရှားမှု စီမံကိန်းနှစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၆၀၀ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မျိုးစေ့ချကိရိယာ(Seeder) ၃၅၈ လက်နှင့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းနှစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၆၀၀ ပေးအပ်ကာ တောင်သူအသိပညာပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက စက်မှုလယ်ယာစနစ်ကျလယ်ယာမြေအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ရေပေါ်သောင်ကျေးရွာ ရေပေါ်သောင်ကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ချကိရိယာ (Seeder) ဖြင့် နွေစပါးကို လက်တွေ့စိုက်ပျိုးပြသပေးခြင်းနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဆယ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် အတန်းလိုက်မျိုးစေ့ချကာ နွေစပါးကို လက်တွေ့စိုက်ပျိုးပြသပေးခဲ့ပြီး ရေပေါ်သောင်ကျေးရွာ ကွင်းအမှတ်-၁၂၃(က)၊ ဦးပိုင်အမှတ်-၅၈ တောင်သူ ဦးစံမောင်၏ ဆင်းသုခမျိုးစပါးစံပြကွက် သုည ဒသမ ၁၀ ဧကကို စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ဧက အထွက်နှုန်း ၁၀၁ ဒသမ ၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအေးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်တို့က ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စုမှ ဒေသခံတောင်သူများအား မျိုးစေ့ချကိရိယာ (Seeder) ၃၅၈ လက်၊ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းရရှိသည့် ယင်းတင်ကျေးရွာနှင့် ခတ်တော်ကုန်းကျေးရွာတို့မှ တာဝန်ရှိသူများအား စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၆၀၀၊ သီးနှံမျိုးစေ့နှင့် သွင်းအားစုပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ဟင်္သာတမြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးပွဲပြုလုပ်

ဟင်္သာတ နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟင်္သာခန်းမဆောင်၌ ယနေ့နံနက် ၁၀ နာရီက ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး(Izal Kaeru Caravan) အခမ်းအနားပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီးဦးသက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရန်လင်းထွဋ်က ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးပညာပေးအစီအစဉ် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး အစီအစဉ်များကို ဆောင်ရွက်ကြရာ ကျောင်းသား ကျောင်းသူများက



ပါဝင်၍ လက်တွေ့လေ့ကျင့်ခြင်း၊ သဘာဝဘေးဆိုင်ရာ အသိပညာပေးဉာဏ်စမ်းပဟေဠိများ၊ ဂိမ်းများကို ပါဝင်ကစားခဲ့ကြပြီး ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းနှင့် တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အစ္စရေးတပ်ဖွဲ့များ၏ ဂါဇာကမ်းမြောင်ဒေသ ဆေးရုံများတိုက်ခိုက်မှု အီရန်ရှုတ်ချ

**တီဟီရန် နိုဝင်ဘာ ၂၀**

အစ္စရေးတပ်ဖွဲ့များ၏ ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံများကို တိုက်ခိုက်မှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နေဆာကနာနီက ပြောကြားသည်။




**ချိုးဖောက်ခြင်းဖြစ်**

၎င်းလုပ်ရပ်သည် ဂျီနီဗာကွန်ဗင်းရှင်းပါ အချက်အလက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။ အစ္စရေးတာဝန်ရှိသူများသည် အယ်လ်ရှီဖာဆေးရုံနှင့်ပတ်သက်သည့် မမှန်ကန်သည့် သတင်းအချက်အလက်များကို ဖြေရှင်းခြင်းမပြုဘဲ ဂါဇာကမ်းမြောင်ဒေသရှိ အခြားဆေးရုံများကို ထပ်မံတိုက်ခိုက်ခဲ့ရာ ထိုသို့တိုက်ခိုက်ခြင်းသည် အစ္စရေး၏ ရန်လိုသည့်ဆောင်ရွက်ချက်ကို ပြသနေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က အယ်လ်ရှီဖာဆေးရုံတွင် ဟားမတ်စ်အဖွဲ့၏ ဌာနချုပ်တည်ရှိကြောင်း ပြောကြားပြီး ၎င်းဆေးရုံကို အကြိမ်များစွာ ဝင်ရောက်စီးနင်းခဲ့သော်လည်း ၎င်းအချက်ကို သက်သေပြနိုင်သည့် အထောက်အထားမရှိကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က ဂါဇာဒေသရှိ ဂျော်ဒန်စစ်ဆေးရုံကို တိုက်ခိုက်ခဲ့ရာတွင် ဂျော်ဒန်ဆေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့သည်။

**ကုသရေးလုပ်ငန်းများရပ်တန့်**

ထို့ပြင်ဂါဇာဒေသရှိ အင်ဒိုနီးရှားနိုင်ငံမှ ဖွင့်လှစ်ထားသည့်ဆေးရုံကို ပြီးခဲ့သည့်ရက်များအတွင်းက တိုက်ခိုက်ခဲ့ရာ ဆေးရုံ၏ ကုသရေးလုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။ အယ်လ်ရှီဖာဆေးရုံရှိ လူနာများကို ကယ်တင်နိုင်ရန်အတွက် အစ္စရေးတပ်ဖွဲ့ဝင်များကို တာဝန်ရှိသူများက တောင်းဆိုထားကြောင်းသိရသည်။

ပါလက်စတိုင်း ဟားမတ်စ်စစ်သွေးကြွအဖွဲ့က အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံကို ဝင်ရောက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပြီးနောက် အစ္စရေးတပ်ဖွဲ့ကလည်း ဂါဇာကမ်းမြောင်ဒေသကို တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။ ၎င်းဖြစ်စဉ်များအတွင်း ဂါဇာဒေသရှိ ပါလက်စတိုင်းနိုင်ငံသား ၁၁၅၀၀ ကျော် သေဆုံးပြီး အစ္စရေးနိုင်ငံသား ၁၂၀၀ ခန့် သေဆုံးခဲ့သည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - စိုးသူရ**

# ဓားစာခံများလွှတ်ပေးရေး ညှိနှိုင်းဆွေးနွေးမှုတွင် တိုးတက်မှုများရရှိဟု အစ္စရေးတာဝန်ရှိသူ ပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၂၀**

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်စစ်သွေးကြွများက ဖမ်းဆီးထားသော ဓားစာခံ ၂၄၀ ကို လွှတ်ပေးရန် ရည်ရွယ်သည့် ကာတာနိုင်ငံက ဦးဆောင်သည့် ကြားဝင်စေ့စပ်ဆွေးနွေးမှုတွင် တိုးတက်မှုရှိလာကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေး၏ နိုင်ငံပိုင် Kan TV သတင်း၏ အဆိုအရ အဆိုပါ သဘောတူညီချက်တွင် အမျိုးသမီးနှင့် ကလေး ၅၀ ခန့်ကို လွှတ်ပေးရန်ပါဝင်သည်။ ယခုဆောင်ရွက်မည့် အစီအစဉ်အရ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏တိုက်ခိုက်မှုများကို ရက်အနည်းငယ် ခေတ္တရပ်နားထားရေးအပြင် အစ္စရေးအကျဉ်းထောင်များတွင် လက်ရှိထိန်းသိမ်းခံထားရသည့် ပါလက်စတိုင်း အမျိုးသမီးများနှင့် အရွယ်မရောက်သေးသူများကို လွှတ်ပေးရမည်ဖြစ်သည်။ ဂါဇာ၏ အကြီးဆုံးဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အယ်လ်ရှီဖာဆေးရုံကို အစ္စရေးက စီးနင်းတိုက်ခိုက်ခြင်းကို ကိုးကားပြီး ဟားမတ်စ်က ညှိနှိုင်းရန် ငြင်းဆိုခဲ့သည့် အတောအတွင်း ဆွေးနွေးပွဲများ ခေတ္တရပ်ပြီး နိုဝင်ဘာ ၁၉ ရက်မှာ ပြန်လည်စတင်ခဲ့သည်ဟု အမည်မဖော်လိုသည့် အစ္စရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ "ဓားစာခံတွေ လွှတ်မြောက်ရေး ကြိုးပမ်းမှုတွေမှာ တိုးတက်မှုတွေရှိလာပေမယ့် မပြီးပြတ် သေးပါဘူး"ဟု ၎င်းတာဝန်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။

မကြာမီရက်ပိုင်းအတွင်း သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထားကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး Michael Herzog က ပြောကြားခဲ့သည်။ အရပ်သားများ၊ စစ်သားများ၊ ကလေးများ၊ အမျိုးသမီးများနှင့် လူမျိုးပေါင်းစုံပါဝင်သည့် ဓားစာခံ ၂၄၀ ခန့်ကို ဟားမတ်စ်စစ်သွေးကြွများက အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်းကို စီးနင်းတိုက်ခိုက်စဉ် ဂါဇာကမ်းမြောင်ဒေသသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုနေ့တွင်ပင် အစ္စရေးက ကြီးမားသော ထိုးစစ်ဆင်မှုဆောင်ရွက်ခဲ့ရာတွင် ပါလက်စတိုင်း အနည်းဆုံး ၁၃၀၀၀ သေဆုံးခဲ့ပြီး အများအားဖြင့် အရပ်သားများဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဒိုမီနီကန်သမ္မတနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၂၁ ဦးသေဆုံး

**ဆန်တိုဒိုမင်ဂို နိုဝင်ဘာ ၂၀**

ဒိုမီနီကန်သမ္မတနိုင်ငံ၌ နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အနည်းဆုံး ၂၁ ဦးသေဆုံးခဲ့ပြီး ဒေသခံထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



အပူပိုင်း မုန်တိုင်းကြောင့် ဖြစ်ပွားသည့် မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် မြို့တော် ဆန်တိုဒိုမင်ဂိုရှိ အမြန်လမ်း လိုဏ်ဂူနံရံတစ်ခု ပြိုကျခဲ့ကာ ကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်များ ရေလွှမ်းခြင်း၊ လျှပ်စစ်မီး ပြတ်တောက်ခြင်းနှင့် တံတားများနှင့် လမ်းများ ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကာ လူပေါင်း ၁၃၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း အရေးပေါ်ကယ်ဆယ်ရေးစင်တာက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ် ၂၆၀၀ ကျော် ထိခိုက်ခဲ့ကာ လူပေါင်း ၂၅၀၀ ကျော်အား ကယ်ဆယ်ထားကြောင်းနှင့် သေဆုံးသူများထဲတွင် ကလေးငယ် သုံးဦး ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ဒိုမီနီကန်သမ္မတနိုင်ငံအတွင်းရှိ ပြည်နယ် ၃၂ ခုအား အနီရောင်အဆင့်နှင့် အဝါရောင်အဆင့် မိုးလေဝသ သတိပေးချက်များ ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - အလင်းသစ်**

# ကမ္ဘာ့ဘဏ်က လာမည့်သုံးနှစ်အတွင်း ကင်ညာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထောက်ပံ့ရန် မျှော်မှန်းထား

**နိုင်ရိုဘီ နိုဝင်ဘာ ၂၀**

ကမ္ဘာ့ဘဏ်က လာမည့်သုံးနှစ်တာကာလအတွင်း ကင်ညာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထောက်ပံ့ပေးရန် မျှော်မှန်းလျက်ရှိကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် အရှေ့အာဖရိကနိုင်ငံဖြစ်သည့် ကင်ညာနိုင်ငံအား ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်မားသည့် နိုင်ငံတစ်ခုဖြစ်လာစေရေး အထောက်အပံ့ပေးရန် အပြည့်အဝကတိပြုထားကြောင်း ကင်ညာနိုင်ငံမြို့တော်နိုင်ရိုဘီ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်သည် ကင်ညာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အကြီးဆုံးမိတ်ဖက်အဖွဲ့အစည်းများအနက် တစ်ခုဖြစ်ပြီး လက်ရှိတွင် ကင်ညာနိုင်ငံအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် လက်ခံရရှိနေကြောင်း သိရသည်။

လတ်တလောတွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (အိုင်ဒီအေ)နှင့် အပြည်ပြည်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(အိုင်ဘီအာရ်ဒီ)တို့က အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံထောက်ပံ့ရန် ကတိပြုထားကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဂါဇာဒေသရှိ အယ်လ်ရှီဖာဆေးရုံမှ မွေးကင်းစကလေးများကို ကယ်တင်နိုင်ခဲ့

**ဂျေရုဆလင် နိုဝင်ဘာ ၂၀**

ဂါဇာဒေသရှိ အယ်လ်ရှီဖာဆေးရုံမှ မွေးကင်းစကလေး ၃၁ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ပါလက်စတိုင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

၎င်းကလေးများကို ဂါဇာတောင်ပိုင်းရှိ ဆေးရုံတစ်ခုသို့ လွှဲပြောင်းပေးခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းက ထပ်လောင်းပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အယ်လ်ရှီဖာတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်း ၂၅ ဦးနှင့် လူနာ ၃၀၀ နီးပါး ရှိနေသေးကြောင်း မှတ်ချက်ပြုပြောကြားသည်။

၎င်းဆေးရုံတွင် သန့်ရှင်းမှု အားနည်းခြင်းနှင့် ပဋိဇီဝဆေးများကို စနစ်ကျစွာ စီမံခန့်ခွဲမှုမပြုနိုင်ခြင်း၏ ဘေးထွက်ဆိုးကျိုးများကြောင့် ဒဏ်ရာရသူများနှင့် ဖျားနာနေသောသူများကို ကျန်းမာရေး ထိခိုက်စေကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ ဆေးရုံဝင်းအတွင်း ဥမင်လိုဏ်ခေါင်းတစ်ခုကိုတွေ့ရှိခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောကြားခဲ့ပြီး အပြင်ဘက်တွင်းတစ်ခုမှ ဥမင်လိုဏ်ခေါင်းအတွင်းသို့ ဒရုန်းဖြင့် ဝင်ရောက် ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို ထုတ်လွှင့်ပြသခဲ့သည်။

ဟားမတ်စ်စစ်သွေးကြွများသည် ၎င်းတို့၏ လုပ်ရပ်များကို ဖုံးကွယ်ရန် ဆေးရုံကို အသုံးပြုနေပြီး ၎င်း၏ဝန်ထမ်းများနှင့် လူနာများအား လူသားဒိုင်းအဖြစ် အသုံးပြုနေကြောင်း အစ္စရေးက အခိုင်အမာ ပြောကြားသည်။ အစ္စရေးနိုင်ငံကို ဟားမတ်စ်အဖွဲ့ တိုက်ခိုက်သည့် နေ့ဖြစ်သည့်



အောက်တိုဘာ ၇ ရက် နေ့စွဲဖြင့် ဆေးရုံအတွင်း ရိုက်ကူးထားသည့် ဗီဒီယိုကိုလည်း အစ္စရေးက ထုတ်လွှင့်ခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်များတွင် နီပေါနိုင်ငံသားတစ်ဦးနှင့် ဟားမတ်စ်အဖွဲ့မှ ဓားစာခံဖမ်းဆီးထားသည့် ထိုင်းအမျိုးသား တစ်ဦးတို့ကို အယ်လ်ရှီဖာဆေးရုံသို့ ခေါ်ဆောင်လာခြင်းကို ပြသထားကြောင်း အစ္စရေး တာဝန်ရှိသူများက ပြောကြားသည်။

အောက်တိုဘာ ၇ ရက်မှစပြီး ဂါဇာဒေသတွင် အနည်းဆုံး လူ ၁၂၀၀၀ သေဆုံးခဲ့ပြီး ၎င်းတို့အနက် ကလေး ၅၀၀၀ နီးပါး ပါဝင်ကြောင်း ပါလက်စတိုင်း ကျန်းမာရေး အာဏာပိုင်များက ပြောကြားခဲ့ပြီး အစ္စရေးဘက်တွင်မူ ယခုအချိန်အထိ သေဆုံးသူ ၁၂၀၀ ခန့် ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# တရားမဝင်သစ်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၇၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၆၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် KASHIWA ဟင်းချက်ဒယ်နီအိုးအလုံး ၉၀ နှင့် Smart Softener အမွှေးဆီထုပ် ၂၄၀၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၀ ရက်တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲနှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၄၀၆၂၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတော်ကို အမှန်တကယ် ချစ်မြတ်နိုးသူများ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

**ပါဝင်နိုင်**

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မရိုးနိုင်တဲ့ဘဏ်ကောလာဟလ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အသိပညာပေးအခမ်းအနား ကျင်းပ

**တနင်္သာရီ နိုဝင်ဘာ ၂၀**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အသိပညာပေးအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အခမ်းအနားမစတင်မီ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများက တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ထုတ်ဝေသည့် မီးဘေးလုံခြုံရေးပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးပြီး အထက(တနင်္သာရီ) ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်က အသိပညာပေး အစီအစဉ်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ စာသင်ကျောင်းအခြေပြု မီးဘေးနှင့်သဘာဝဘေးအန္တရာယ်လျော့ချရေး အသိပညာပေးအစီအစဉ်၊ သဘာဝဘေး လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်၊ ယှဉ်ပြိုင်ကစားနည်း ၁၀ မျိုးဖြင့် အသုံးပြုပုံ/အသုံးပြုနည်း အဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပေးပြီး ကျောင်းသား ကျောင်းသူများကို လက်တွေ့ ယှဉ်ပြိုင်ကစားစေခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၌ Mobile Financial Payment ဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေး

**တပ်ကုန်း နိုဝင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Nature Link Company (Trusty) နှင့်ပူးပေါင်း၍ မကျီးပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက မကျီးပင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသား အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Paymentစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Nature Link Company(Trusty)မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် မကျီးပင်ကျေးရွာရှိ အသင်းသား အသင်းသူ ၆၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းအား အသင်းသား အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၁-၂၀၂၃ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ တောရုဂ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မြန်မာ့ကျက်သရေတက်နေဝန်းရည် (ယွန်းထည်)
၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၁:၁၅ အသက်ရှုတိုင်းသတိရပါကမ္ဘာ့အဆုတ်ရောင်ရောဂါ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'သူတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၁)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၂၇)
၁၅:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း' (အပိုင်း-၆၄)
၁၅:၄၅ ၂၀၂၆ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၊ အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၂၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၁၄)

### mitv

07:01 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
07:08 Star Bean Production
07:27 Graffiti: Character Art
07:31 The Mandolinist
08:01 News
08:26 World Television Day (21st November)
08:33 History Of Kyaik Wyne Pagoda
08:52 Myanmar Traditional Snacks: Mounhsi Gyaw
09:01 Tazaungmone (Ep-2)
09:25 Listening Pleasure, Instrumental Music (Banjo) Yangon Thu
09:33 Dough Artist's Dream
09:45 Chinlone and the dreams of the player
10:01 News
10:27 Awesome Myanma Sculptures
10:42 Bo Cho Island, Makyonegalet
10:53 World Fisheries Day (21st November)

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** ကျိုက္ကမီရေလယ်ဘုရားနှင့်စက်ဆဲကမ်းခြေသို့ အလည်တစ်ခေါက်
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁၀)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** လင်းဒေးမြို့ရဲ့ကြိုသကာချက်နည်း
**ဝ (၁၂:၀၀ မှ ၁၄:၀၀)** တန့်လန့်ကာနောက်ကွယ်ကအသံလိုင်းများ
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** အဆာပြေဆန်မုန့်လုပ်စားကြမယ်
**ကယား (၁၆:၀၀ မှ ၁၈:၀၀)** စံပယ်ပန်းလှလှလေးကပေးတဲ့ကျန်းမာရေး
**ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)** ပဲခူးအနောက်ဘက်ဒေသ၏ကရင်ရိုးရာ ရက်ကန်းရက်လုပ်ခြင်း
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ
**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းဘာသာစကားပြောကြရအောင် (အပိုင်း-၄)
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** အလှပန်းစုံညီချင်းတောင်ဆီ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ ECONOMIC REVIEW(Part- 59) ထွက်ကုန် ထုတ်ကုန် တိုးမြှင့်ရေး
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား "အပြာရောင်ဒေသ Blue Zone" (အပိုင်း-၁)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)အပိုင်း-၁
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၉)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Past Lives (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ The Batman 2022 (အပိုင်း-၂) (နိုင်ငံခြားဇာတ်လမ်း)
၂၃:၄၅ A Pen Full of Trouble

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၅၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ ဂေါက်သီးရိုက်အားကစားအခြေခံနည်းစနစ်များ

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက် လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရ သည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက် လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၉၈၂ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄၂ ဦးတို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း တရုတ်နိုင်ငံသား အမျိုးသား ၁၉၁၇ ဦး၊ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၂၀၅၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင် ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပ နိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည် လွှဲပြောင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**


# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်း တမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများ က အလှူငွေများ ပေးအပ်လှူဒါန်း လျက်ရှိသည့်အပြင် စားသောက် ဖွယ်ရာများကိုလည်း ပေးပို့ လှူဒါန်းလျက်ရှိသည်။







**လှူဒါန်း**

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင် နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန် ရှိသူများက လက်ခံရယူပြီး လားရှိုး မြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ် များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူး များနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့ သည့် "တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေ ကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်း ပါစေကြောင်း၊ ကျန်းမာပါစေ ကြောင်း"စသည့် ဆုတောင်း မေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံ ဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှ ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများ မှတစ်ဆင့်အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "နှင်းဝေသီ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသ ကြီး ဘုရားကြီးမြို့ အမှတ်(၃) ရပ်ကွက်နေ နှင်းဝေသီအား ည ၇ နာရီတွင် လည်း ကောင်း၊ "Mee Chaw Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသ ကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ချောအိဟန်အား ည ၈ နာရီခွဲတွင် လည်းကောင်း၊ "Bo Bo Thein" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁)ရပ်ကွက်နေ ဗိုလ်ဗိုလ်သိန်း(ခ) ဗိုလ်ဗိုလ်အား ည ၁၀ နာရီခွဲတွင် လည်း ကောင်း၊ "KhunSoe Paing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အုံအား ကျေးရွာနေ ခွန်မောင်စိုး(ခ)ခွန်စိုးပိုင်အား ယင်းနေ့ည ၁၂ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့် လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

# မြန်မာစာကို မတတ်ဘဲနဲ့ မြန်မာစာနဲ့ပတ်သက်ပြီးတော့ Facebook တို့ဘာတို့မှာ အလကား လျှောက်ရေးနေကြတာတွေရှိတယ်။ မြန်မာစာကိုတန်ဖိုးမထားကြဘူး၊ အထူးသဖြင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံကျမ်းဆိုတာ ၁၉၈၆ ခုနှစ်ကနေ နိုင်ငံတော်က ပြဋ္ဌာန်းထားတာ အခုဆိုရင် ၃၆ နှစ် ရှိသွားပါပြီ

ရန်ကုန် နိုဝင်ဘာ ၂၀

**မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသား ပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာ ဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်အဖြစ် ရွေးချယ်ချီးမြှင့်ခံရသော စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်**
**(ဒေါက်တာထွန်းတင့်-မြန်မာစာ)**



စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်

"ဆရာက ကျောင်းဆရာအဖြစ်နဲ့ဝင်တာ။ ၁၉၅၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရောက်တယ်။ အဲဒီတုန်းက မြန်မာပြည်မှာ တက္ကသိုလ်က အဲဒါတစ်ခုတည်းရှိတာ။ ဂုဏ်ထူးတန်းယူလိုက်တဲ့အခါကျတော့ ငါးနှစ်တက်ရတာပေါ့။ ၁၉၅၈ ခုနှစ်မှာ ဂုဏ်ထူးတန်းအောင်တယ်။ အောင်တဲ့နှစ်မှာပဲ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လက်ထောက်ကထိကအဖြစ် ခန့်အပ်ခံရတယ်။ နောက် ၁၉၅၈ ခုနှစ်မှာပဲ ပုသိမ်တက္ကသိုလ်ဖွင့်တော့ အဲဒီတက္ကသိုလ်ရဲ့ မြန်မာစာဌာနမှာ လက်ထောက်ကထိက (ဌာနမှူး) လုပ်ရတယ်။ ပြီးတော့ ပုသိမ်ကနေ မကွေးကိုပြောင်းပြီး မကွေးကောလိပ်မှာ ငါးနှစ်လောက်ကြာတယ်။ အဲဒီနောက် မကွေးကနေ မန္တလေးကိုရောက်ပြီး အဲဒီမှာ လေးနှစ်လောက်ကြာတယ်။ ပြီးမှ ရန်ကုန်တက္ကသိုလ်ရောက်တယ်။ အဲဒီတော့ ဆရာအများဆုံးလုပ်ခဲ့တာက တက္ကသိုလ်တွေမှာပါ။ ၁၉၅၈ ကနေ ၂၀၀၀ ပြည့်နှစ်အထိ စုစုပေါင်း ၂၃ နှစ်ပေါ့။ အဲဒီလို ၂၃ နှစ်လုပ်ပြီးတော့မှ မြန်မာစာအဖွဲ့ကို အခု ၁၉၈၆ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ မြန်မာစာစာလုံးပေါင်းသတ်ပုံကျမ်းကိုလုပ်ဖို့ဆိုပြီးတော့ ဆရာ့ကို ပညာရေးဌာနက မြန်မာစာအဖွဲ့ကို ပြောင်းလိုက်တယ်။ မြန်မာစာအဖွဲ့မှာ ၁၉၈၁ ခုနှစ်ကစပြီးရောက်တယ်။ အဓိကတာဝန်က မြန်မာစာစာလုံးပေါင်းသတ်ပုံကျမ်းကို လုပ်ရတယ်။ ၁၉၆၈ ခုနှစ်မှာ မြန်မာရေးထုံးကျမ်းဆိုပြီးတော့ မြန်မာစာအဖွဲ့ကထုတ်ခဲ့တယ်။ အဲဒီတုန်းကတော့ ဆရာမရောက်သေးပါဘူး။ ၁၉၇၈ ခုနှစ်မှာ တစ်ကြိမ်ထုတ်ပါတယ်။ အဲဒီတုန်းကလည်း ဆရာမရောက်သေးပါဘူး။ အဲဒီ ၁၉၇၈ ခုနှစ်ကစာအုပ် စာလုံးပေါင်းသတ်ပုံကျမ်းကို ပြန်လည်တည်းဖြတ်ဖို့၊ ပြင်ဆင်ဖို့ပို့လိုက်တော့ ရန်ကုန်တက္ကသိုလ်က မြန်မာစာအဖွဲ့ကို ရောက်သွားပါတယ်။ ချုပ်ပြောရရင် စာလုံးပေါင်းသတ်ပုံကျမ်းကို လုပ်ခဲ့တဲ့ ၁၉၈၆ ခုနှစ်မှာ နိုင်ငံတော်က နိုင်ငံတော်သုံးအဖြစ်ပြဋ္ဌာန်းထားတဲ့ စာအုပ်ဟာ ဆရာတို့လုပ်ခဲ့တာဖြစ်ပါတယ်။ ပြီးတော့ မြန်မာသဒ္ဒါ၊ ကျောင်းသုံးသဒ္ဒါ၊ နောက်ပြီးတော့ အဘိဓာန်တွေ၊ အခု မြန်မာစာအဖွဲ့က ထုတ်တဲ့စာအုပ်တွေမှန်သမျှအကုန်လုံး ဆရာတို့ပါဝင်ရတာပေါ့။

စာရေးတာနဲ့ပတ်သက်ပြီး ပြောရရင်တော့ မြန်မာစာအဖွဲ့မှာ လုပ်နေရင်း ပထမဦးဆုံး ဘာရေးခဲ့လဲဆိုတော့ မြန်မာပင့်ရစ်သတ်ပုံ ဆိုတာလေးကို ရကန်စာပေ၊ အဖွဲ့အနွဲ့နဲ့ရေးခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒီရကန်အဖွဲ့အနွဲ့နဲ့ပဲ မြန်မာ့စကားနက်အဖွင့်ရကန်ဆိုတာ ရေးခဲ့ပါတယ်။ နောက်တစ်ခါ ဆောင်းပါးလေးတွေတော့ ဟိုးတုန်းက မြဝတီမှာ ရေးခဲ့ပါတယ်။ ၁၀ ပုဒ်၊ ၁၂ ပုဒ်လောက်ရှိမှာပါပဲ။ နောက်ကျတော့ သံတော်ဆင့်မှာ ဆောင်းပါးတွေရေးပါတယ်။ အဲဒီဆောင်းပါးတွေ ပျောက်ပျက်မှာစိုးလို့ စုပေါင်းပြီးတော့ စည်းနဲ့ကမ်းနဲ့မြန်မာစာဆိုတဲ့ စာအုပ်ကို ထုတ်ခဲ့ပါတယ်။ အခု နောက်ဆုံးထုတ်တာကတော့ ကကြီး ခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည် ဆိုတဲ့စာအုပ်လေးထုတ်တယ်။ ကျန်တာကတော့ မြန်မာစာအဖွဲ့မှာလိုအပ်တဲ့ စာအုပ်လေးတွေထုတ်ခဲ့တယ်။ အဲဒီလိုနဲ့ စာပေလောကထဲမှာ ဝင်တယ်ပဲထားပါတော့။

ဒီတိုင်းပဲ ရေးချင်လို့ရေးခဲ့တာပါ။ စာရေးဆရာဖြစ်ချင်လို့လည်း မဟုတ်ဘူး။ မြန်မာ ပင့်ရစ် ခွဲထားသတ်ပုံဆိုတာ မြန်မာစာမှာရှိတဲ့ ကကြီး ရပင့်နဲ့ ကကြီး ရရစ် ရဲ့သဘော၊ ခခွေး ရပင့် ခခွေးရရစ်ရဲ့ သဘော၊ ပစောက် ရပင့် ပစောက် ရရစ်ရဲ့သဘော စသဖြင့် အဲဒါတွေကို ဘယ်လိုမှတ်ရမယ်၊ ဘာတွေမှ မှန်တယ်ဆိုတာ ဖော်ပြထားတဲ့ သတ်ပုံကျမ်းပေါ့။ အဲဒါကို ရိုးရိုးစကားပြေနဲ့ရေးတာမျိုးမဟုတ်ဘဲ ရကန်အဖွဲ့နဲ့ ရေးထားတာဖြစ်ပါတယ်။ အဲဒါတစ်အုပ်ထုတ်တယ်။ နောက်တစ်ခါ မြန်မာ့စကားနက်အဖွင့်ရကန် ဆိုပြီးတော့ ရကန်အဖွဲ့နဲ့ပဲ ရေးထားတာ တစ်အုပ်၊ နောက်ပြီးတော့ ဆောင်းပါးတွေ ပေါင်းချုပ်နဲ့တစ်အုပ်၊ ဟိုတုန်းက မြန်မာစာအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်ရယ်၊ ဆရာရယ်၊ ကိုလှမောင် ဆိုတာရယ် သုံးယောက်ပေါင်းပြီးတော့ မြန်မာအသုံးများ ဆိုတဲ့ စာအုပ်တစ်အုပ်လည်းထုတ်ခဲ့တယ်။ ကျန်တာတော့ တိုတိုထွာထွာ စာအုပ်လေးတွေ ထုတ်တာလည်းရှိပါတယ်။

ဆရာက ၁၉၅၈ ခုနှစ်ကနေ တက္ကသိုလ်မှာ မြန်မာစာဆရာအဖြစ်နဲ့ ရောက်လာတယ်။ ၁၉၅၈ ခုနှစ်ကနေ ၁၉၈၁ ခုနှစ်မှာ မြန်မာစာအဖွဲ့ကို ပြောင်းရတယ်။ မြန်မာစာအဖွဲ့ကိုရောက်ပြီးမှ ၁၉၉၅ ခုနှစ်မှာ သက်ပြည့် အငြိမ်းစားယူခဲ့တာပေါ့။ အဲဒီကနေ မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ်လုပ်တာ အခုချိန်ထိပါပဲ။ တကယ်တမ်းပြောရရင် အသက် ၂၈ နှစ်သားမှာ မြန်မာစာတာဝန် စတင်ထမ်းဆောင်တယ် ဆိုပါတော့လေ။ အဲဒီကနေ အခုထိပေါ့။ မြန်မာစာတာဝန်ထမ်းဆောင်တာ သက်တမ်းအားဖြင့် ၆၆ နှစ်ရှိပါပြီ။ ဆရာ့ရဲ့သဘောထားကတော့ မြန်မာစာကို မြန်မာတိုင်း အခြေခံလေးလောက်တော့ သိဖို့လိုတယ်လို့ ထင်ပါတယ်။ မြန်မာမှာ ဗျည်း ဘယ်နှလုံးရှိတယ်၊ သရ ဘယ်နှလုံးရှိတယ်၊ အဲဒီ ဗျည်း၊ သရ တွေကို ပေါင်းစပ်ပြီးတော့ မြန်မာစာပေရယ်လို့ ရေးသားပြုစုထားတာ လူတွေဘယ်လောက်သိကြသလဲ။ မြန်မာတွေကိုမေးကြည့်ရင် အခု မြန်မာနိုင်ငံမှာ လူဦးရေ ၅၄ သန်းရှိတယ်ဆိုပါတော့၊ မေးကြည့်ရင် မြန်မာမှာ ဗျည်းဘယ်လောက်ရှိတယ်၊ သရ ဘယ်လောက်ရှိတယ်ဆိုတာ သေချာမသိကြဘူးနော်။ အဲဒါတွေက မြန်မာစာရဲ့ အဓိက အခြေခံအနှစ်သာရတွေ။ သတ်ပုံဆိုတာလည်း တကယ်ကို အနှစ်သာရပဲ။

အဲဒါကြောင့် ဆရာ့ရဲ့ခံယူချက်ကတော့ မြန်မာ ဗျည်း၊ သရ ဘယ်လောက်ရှိသလဲ သိရမယ်။ အဲဒီ ဗျည်း၊ သရ ကိုပေါင်းစပ်ပြီးတော့ မြန်မာစာကို ဘယ်လိုဖွဲ့ထားသလဲဆိုတာ သိရမယ်။ ဘာသာတိုင်း ဘာသာတိုင်းမှာ ဗျည်း၊ သရ ဆိုတာရှိတယ်။ သူများတွေကသိပြီး ကိုယ်ကမသိရင် မြန်မာစာနဲ့ပတ်သက်ပြီးတော့ ကိုယ် အောက်တန်းကျတာပေါ့။ ဒါကြောင့် ဆရာနောက်ဆုံးရေးခဲ့တဲ့ ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည် ဆိုတဲ့စာအုပ်လေးထုတ်ခဲ့တယ်။ မြန်မာမှန်ရင် မြန်မာစာကိုတော့ သိရမှာပေါ့ဆိုတဲ့ သဘောလေးနဲ့ မြန်မာစာကို သိစေချင်၊ တတ်စေချင်တဲ့ သဘောလေးရှိပါတယ်။ အထူးသဖြင့် မြန်မာတိုင်း ဗျည်း၊ သရ ကို သိပြီးတော့ ကျကျနန သင်ယူလေ့လာ စေချင်တဲ့ဆန္ဒရှိပါတယ်။

ဆရာက အခု အသက် ၈၉ နှစ်ရှိပြီ၊ မကြာခင် ၉၀ ပြည့်တော့မှာပါ။ အဲဒီအချိန်အခါမှာ နိုင်ငံတော်က တစ်သက်တာစာပေဆုဆိုပြီး ပေးပါတယ်။ ဆရာက တစ်သက်တာစာပေဆုတို့ ဘာတို့ကို မျှော်လင့်ခဲ့တဲ့ သဘောလည်းမရှိပါဘူး။ အခုလို ချီးမြှင့်ပေးတော့လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်။ ဪ...ငါတော့ ဒီစာပေဆုနဲ့ ထိုက်တန်ရဲ့လားလို့ ပြန်စဉ်းစားကြည့်တော့ ကိုယ်လုပ်ခဲ့တဲ့ စာပေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ အကုန်လုံးကိုကြည့်လိုက်ရင် ဒါတွေဟာ ငါဒီဆုနဲ့ထိုက်တန်တယ်လို့တော့ ယူဆပါတယ်ဆိုတဲ့ ခံယူချက်လေးရှိပါတယ်။

မြန်မာစာကို မတတ်ဘဲနဲ့ မြန်မာစာနဲ့ပတ်သက်ပြီးတော့ Facebook တို့ဘာတို့မှာ အလကား လျှောက်ရေးနေကြတာတွေရှိတယ်။ မြန်မာစာကိုတန်ဖိုးမထားကြဘူး၊ အထူးသဖြင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံကျမ်းဆိုတာ ၁၉၈၆ ခုနှစ်ကနေ နိုင်ငံတော်က ပြဋ္ဌာန်းထားတာ အခုဆိုရင် ၃၆ နှစ် ရှိသွားပါပြီ။ တချို့ အဲဒီသတ်ပုံကျမ်းဆိုတာ ရှိမှန်းတောင် မသိဘူး၊ မရှိဘူးလို့ကို ထင်နေကြတာ။ မသိတာကထားလိုက်ဦး၊ လေ့လာလို့ရသေးတယ်။ စာပေကိုလုပ်နေကြတဲ့၊ စာပေကို ရေးသားနေကြတဲ့ ပုဂ္ဂိုလ်တွေတောင် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို သိလည်း မသိဘူး၊ လေ့လည်း မလေ့လာဘူး။ တောင်ရေးမြောက်ရေး ရေးနေကြတာတွေ ရှိနေတယ်။ ဥပမာပြောရင် တစ်နဲ့ တ ကိစ္စ၊ နိုင်ငံတော်က ပြဋ္ဌာန်းပြီးသားလေ၊ ဘယ်နေရာမှာ တစ်ကို သုံးရမယ်၊ ဘယ်နေရာမှာတော့ တ ကိုသုံးရမယ်ဆိုတာကို၊ အဲဒါကို တချို့တွေက မှားတယ်၊ မှန်တယ်ဆိုပြီး ဝေဖန်ငြင်းခုံနေကြတယ်။ ဘာကြောင့် မှားလဲ၊ ဘာ့ကြောင့် မှန်တယ်ဆိုတာ ဂဃနဏ မသိကြဘူး။ မသိတသိနဲ့ အဲဒီလို ပုတ်ခတ်ဝေဖန် နေကြတာတွေကြောင့် မြန်မာစာ ပျက်စီးနိုင်တယ်။ အဲဒီလို လူတွေကိုပြောချင်တာက အမှားဆိုရင်လည်း အကျိုးသင့်အကြောင်းသင့် ပြပြီးတော့ ထောက်ပြဝေဖန်ပါလို့၊ မှန်တယ်ဆိုတာကိုလည်း လက်ခံပါလို့ မှာကြားချင်ပါတယ်" ဟု စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်က ပြောကြားသည်။

စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်အား အဖ ဦးသာကြွယ်- အမိ ဒေါ်ရွှေမ တို့က ၁၉၃၅ ခုနှစ်တွင် ဂန့်ဂေါခရိုင် အနောက်ဂန့်ဂေါရွာတွင် မွေးဖွားခဲ့ပြီး မွေးချင်း ရှစ်ယောက်အနက် ခြောက်ယောက်မြောက်ဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ဂန့်ဂေါမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူး(မြန်မာစာ)ဘွဲ့ ရရှိခဲ့သည်။ ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ လက်ထောက်ကထိကအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် ပုသိမ်၊ မကွေး၊ မန္တလေး၊ မော်လမြိုင် ကောလိပ်/တက္ကသိုလ်များတွင် လက်ထောက်ကထိက၊ ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်မှ မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ ရရှိခဲ့သည်။

၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်း(ပဲ့ကျင်/ပေကျင်း) တက္ကသိုလ်တွင် မြန်မာစာပို့ချခြင်း၊ မြန်မာ-တရုတ်အဘိဓာန်ပြုစုခြင်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် မြန်မာစာအဖွဲ့ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ စာတည်း၊ စာတည်းမှူး၊ စာတည်းမှူးချုပ်၊ ညွှန်ကြားရေးမှူး တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့ပြီး ယခုအချိန်အထိ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မြန်မာစာကို သိပ္ပံနည်းကျ ခြေခြေမြစ်မြစ် လေ့လာထားသူဖြစ်ပြီး **မြန်မာဝေါဟာရတိုင်း ပေါင်းစည်းခြင်းဟူသော အနက်ရှိသလောဟူသော** ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပါရဂူဘွဲ့ရရှိခဲ့သည်။ ။

**တွေ့ဆုံမေးမြန်း-လင်းရာမ**
**ဓာတ်ပုံ-ကိုထက်**

## တိုက်ကြီးမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးများရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ပံ့ပိုးသည့် စပါးမျိုးနှင့် သွင်းအားစုများရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော တော်လတီကျေးရွာ ကွင်းအမှတ် ၆၉ (က) ဦးပိုင်အမှတ်(၃) တောင်သူ ဦးကံစိုး၏ မိုးစပါးရိတ်သိမ်းမှု အခြေအနေကို ယနေ့ နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးအုန်းထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်နှင့်အဖွဲ့ဝင်များ၊ အောင်နိုင်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးပြီး တောင်သူဦးကံစိုး၏ လယ်ယာမြေ ဧက ၂၀၊ စက်ကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း တင်း ၈၀ ထွက်ရှိခဲ့သည်။

တိုက်ကြီးမြို့နယ်၌ သမဝါယမ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးစပါးစိုက်ဧက ၁၇၃၂ ဧကရှိပြီး သမဝါယမအသင်း ၂၁ သင်းနှင့် အသင်းသား တောင်သူ ၂၁၁ ဦးတို့က လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး**



# မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မော်တောင် နိုဝင်ဘာ ၂၀

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၃၅၅၄ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၃၅ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၂၉ ဒသမ ၃ တန်၊ ဂျင်းခရု (အရှင်) ၁၂ ဒသမ ၄ တန်၊ ရွှံ့ကဏန်း (အရှင်) ၆ ဒသမ ၈၅ တန်၊ ကဏန်း (အသေ) ၈ ဒသမ ၃ တန်၊ ရေခူဆားနယ် ၂၄ ဒသမ ၃ တန်၊ ကျောက်ပုစွန် (အရှင်) သုည ဒသမ ၆၄ တန်၊ ပုစွန်ငါးပိ ခုနစ်တန်၊ ၄က်ပျောသီး ၅၅ တန်၊ ငရုတ်သီးစိမ်း ၁၅ ဒသမ ၈ တန်၊ ကြက်သွန်နီ ၇၀ ဒသမ ၈ တန်၊ တံမြက်စည်း ၃၀၀၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီးခြောက်တန်၊ ပလတ်စတစ်ခွက် လေးတန်နှင့် ကြွေပြား စတုရန်းမီတာ ၁၆၀၀ တို့ဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၃၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၇ ဒသမ ၀၉ ကျပ် ခန့်ရှိကြောင်း သိရသည်။



# ရေစကြိုမြို့နယ်၌ မိုးစိုက်ဝါသီးနှံများ စတင်ခူးဆွတ်


ရေစကြို နိုဝင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မိုးသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ငရုတ်သီးနှံများအပြင် တောင်သူများ တွက်ခြေကိုက်သည့် ဝါသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိရာ မြေဖြူ၊ ငွေးချို၊ စည်သာ စသည့် ကျေးရွာများတွင် ဝါသီးနှံများကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ဝါသီးနှံများစိုက်ပျိုးရာတွင် ပဲစင်းငုံခင်းများ၌ သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြပြီး မျိုးများအနေဖြင့် ဒေသမျိုး ငွေချည်-၉၊ ရွှေတောင်-၁၀ မျိုးများကို ဩဂုတ်လတွင် စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ မျိုးစေ့၊ စိုက်စရိတ်၊ သွင်းအားစု၊ ခူးဆွတ်ရိတ်သိမ်းခြင်းများ အတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် ကုန်ကျစရိတ်များမြင့်မားသကဲ့သို့ ဈေးနှုန်းမှာလည်း မြင့်မားလျက်ရှိကြောင်း၊ ရာသီဥတုအခြေအနေ ကောင်းမွန်သဖြင့် ယခုနှစ်တွင် ဝါသီးနှံများကို နိုဝင်ဘာလမှစတင်၍ ဇန်နဝါရီလအထိ ခူးဆွတ်ရမည်ဖြစ်သဖြင့် ခန့်မှန်းအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၂၀၀ မှ ၃၀၀ အထိ ထွက်ရှိနိုင်ပြီး တောင်သူများ မျှော်လင့်နေသည့် အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း တောင်သူတစ်ဦး၏ပြောပြချက်အရ သိရှိရသည်။

# ပြည်ခရိုင်ရှိ သီဟိုဠ်ဈေးနှုန်းဈေးကွက်

ပြည် နိုဝင်ဘာ ၂၀



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ သီဟိုဠ်ပင်နှင့် လျှော်ဖြူပင်များကို စိုက်ပျိုးထားရှိရာ သီဟိုဠ်စေ့ကို ပြည်တွင်း၌ အသုံးပြုရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် အတွက် ပို့ကုန် (Export) တန်းဝင် အသီးအနှံများဖြစ်စေရေး တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သီဟိုဠ်ပင်ကို မေလနှင့် ဇွန်လတွင် စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင် ၄၀ ခန့် စိုက်ပျိုးနိုင်ကြောင်း၊ သီဟိုဠ်စေ့ကို မြန်မာနိုင်ငံတွင် လူအများအပြား စားသုံးကြပြီး ပြည်ဈေးကွက်၌ သီဟိုဠ်အစေ့အဆန်များကို မုန့်ဖုတ်ခြင်း၊ အစားအသောက် ဟင်းလျာများတွင် ထည့်သွင်းအသုံးပြုခြင်းနှင့် လှော်၍ ရောင်းချခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ပြည်ခရိုင် ရွှေတောင်မြို့နယ်မှ ထွက်ရှိသော သီဟိုဠ်စေ့များကို ကုန်ကြမ်းအစို အတိုင်းသာ ရောင်းချလျက်ရှိကြောင်း၊ ယခင်နှစ်၌ ကုန်ကြမ်းအစို တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ရန်ကုန်သို့ ရက်ခြားတင်ပို့နိုင်သော်လည်း ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် အဖူးအပွင့်များ၊ အသီးများ ကြွေကျ၍ အထွက်နှုန်းများ ကျဆင်းလာပြီး ကုန်ကြမ်းအစို တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ပွဲစားများက လာရောက်ဝယ်ယူကာ ရန်ကုန်၊ ထောက်ကြံ့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော သီဟိုဠ်စေ့များသည် မူဆယ်ဈေးကွက် မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြည်ပဈေးကွက်ရှိသည့် သီးနှံဖြစ်သောကြောင့် ဈေးကောင်းရရှိရေးအတွက် အထွက်နှုန်းကောင်း/ အရည်အသွေးကောင်းသော မျိုးများကို ရွေးချယ်စိုက်ပျိုးပါက ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပြီး နိုင်ငံခြားဝင်ငွေ ရရှိလာနိုင်မည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

# ရွှေဘိုဈေးကွက်တွင် နှမ်းသီးနှံများ ဈေးကောင်းရ



စစ်ကိုင်း နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ နှမ်း (ဖြူ) နှင့် နှမ်း(နက်) များ နိုဝင်ဘာလ တတိယပတ်မှစတင်၍ ဝင်ရောက်လာပြီး နိုဝင်ဘာလတတိယအပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်း(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တင်း ၁၈၀/ တန်အားဖြင့် ငါးတန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်း(နက်)တစ်တင်းလျှင် ငွေကျပ် ၁၀၈၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တင်း ၁၅၀/ တန်အားဖြင့် လေးတန် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် နှမ်းဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်တွင် နှမ်း (နက်) တစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ထက် နှမ်း (နက်) တစ်တင်းလျှင် ငွေကျပ် ၂၃၃၀၀ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

၂၀.၁၁.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၅၀၀၀ | ၅၃၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၇၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၉၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၈၀၀ | ၈၂၀၀ | ၆၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၆၅၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၅၀၀ | ၃၉၀၀ | ၄၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၈၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | | ၁၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ညို့မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ၁၀၀ကျပ်၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် မြိတ်တွင် ၃၀၀ကျပ်၊ စစ်တွေတွင် ၄၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၄၀၀ကျပ်၊ မော်လမြိုင်တွင် ၃၁၀ကျပ်၊ ပုသိမ်၊ မန္တလေး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၃၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ မြိတ်နှင့် ပုသိမ်တွင် ၂၀၀ကျပ်၊ ကလေးတွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးနှင့် ပဲခူးတွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၅၀၀ကျပ်၊ ပုသိမ်၊ မုံရွာနှင့် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ကျိုင်းတုံနှင့် တောင်ကြီးတွင် ၅၀၀ကျပ် ၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနား နှင့် နေပြည်တော်တွင် ၂၀၀ကျပ် ၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ၅၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံနှင့် တောင်ကြီးတွင် ၃၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် လားရှိုးတွင် ၃၀၀ကျပ် ၊ တောင်ကြီးတွင် ၄၀၀ကျပ် ၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၅၀၀ကျပ် ၊ အမဲသား တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ် ၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀၀ကျပ်၊ ဈေးတက်ခဲ့ပါသည်။

(၂) ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မုံရွာတွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

(၃) ယနေ့ ညို့မထဆန်မှာ ပုသိမ်၊ ပြည်၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ဆန်သစ် ဈေးနှုန်း ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်

မုံရွာ နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ ကလေးသူငယ်များကို အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့မှ ကာကွယ်ပေးသွားကြရန် ဖြစ်ကြောင်း၊ ကလေးသူငယ်များအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ သက်ငယ်မုဒိမ်းနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း၊ စနစ်တကျ ပြုစုစောင့်ရှောက်မှုမပြုဘဲ လျစ်လျူရှုခြင်း၊ စီးပွားရေးအရ လုပ်အားခေါင်းပုံဖြတ်ခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်းနှင့် နှိပ်စက်ခြင်းတို့မှ ကင်းဝေးအောင် မိဘ၊ ရပ်ရွာ၊ ပတ်ဝန်းကျင်တို့မှ ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ ကလေးသူငယ်များသည် မိမိတို့နိုင်ငံ၏ အနာဂတ်လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည်နှင့်အညီ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကလေးငယ်များ ဖွံ့ဖြိုးမှုရရှိရန်နှင့် ကာကွယ်ပေးရန် တာဝန်များသည် လူသားတိုင်းတွင် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ အရင်းအမြစ်များစွာထဲတွင် လူသားအရင်းအမြစ်ကို စနစ်တကျ ပြုစုပျိုးထောင်ပါက အနာဂတ်ကာလတွင် ဖွံ့ဖြိုးမှုအားများ ရရှိမည်ဖြစ်ပြီး ရေရှည် တည်တံ့နိုင်သည့် ဖွံ့ဖြိုးမှုလည်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## ကလေးသူငယ်များ၏ အနာဂတ်ဘဝလှပနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေး

မော်လမြိုင် နိုဝင်ဘာ ၂၀

၂၀၂၃ ခုနှစ် (၃၄)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိပြည်နယ်ခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အနေဖြင့် ပြည်နယ်/ခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများ အပြည့်အဝရရှိပြီး အနာဂတ်ဘဝများ လှပနိုင်ရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များအပါအဝင် ကလေးသူငယ်များ၏ အရေးကိစ္စကို ဆောင်ရွက်နေကြသည့် ဌာန၊ အဖွဲ့အစည်းတိုင်းက တာဝန်ရှိသူများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် အမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ် (၃) မူလတန်းကြိုကျောင်းတို့မှ သားငယ်၊ သမီးငယ်လေးများ၏ ဗွေးဒုတ်၊ မွန်တို့ဌာနေရာမညနှင့် ဘွန္တောသီချင်းတို့ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကမူကြို၊ ကိုယ့်အားကိုယ်ကိုးမူကြို၊ ကလေးပြုစုရေးဌာန မူကြိုကျောင်းတို့မှ သားငယ်၊ သမီးငယ်လေးများ၏ တေးသရုပ်ဖော် အကအလှတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးပြီး သားငယ်၊ သမီးငယ်လေးများအား အမှတ်တရ လက်ဆောင်များပေးအပ်ကာ သားငယ် သမီးငယ်လေးများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကလေးသူငယ်များကို ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာစေရေး လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ရေးသည် အရေးကြီး



မြစ်ကြီးနား နိုဝင်ဘာ ၂၀

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သည့် (၃၄)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

### ပြည်သူလူထုပါဝင်

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ကလေးသူငယ်များကို ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာစေရေး လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ၊ လိင်ပိုင်း၊ စီးပွားရေးပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုများ လျော့နည်းပပျောက်သွားစေရေးကိုလည်း အစိုးရအဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍မရနိုင်သကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသည့် ရင်သွေးငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁)မူလတန်းကြိုကျောင်း ရင်သွေးငယ်များက ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများနှင့် ဘာသာရေးအခြေပြုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းတို့မှ ရင်သွေးငယ်လေးများက ရိုးရာတေးသီချင်းများ၊ ခေတ်ပေါ်တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးပြီးမိုးစပါးများ ရိတ်သိမ်းရေး၊ ရိတ်သိမ်းပြီးမိုးစပါးများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်

စစ်တွေ နိုဝင်ဘာ ၂၀

ရခိုင်ပြည်နယ်တွင် စိုက်ပျိုးထားသော မိုးစပါးများ အချိန်မီရိတ်သိမ်း၊ ခြွေလှေ့ခြင်း၊ အမိုးအကာအောက်ရောက်ရှိစေခြင်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးလျာထားဧက ၁၀၀၂၀၀၄ ဧကတွင် ၁၀၀၅၉၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးပြီးမိုးစပါးများ အောင်မြင်စွာ ဖြစ်ထွန်းနိုင်ရေးအတွက် ဓာတ်မြေဩဇာသုံးစွဲခြင်း၊ အပင်ပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ယခုနှစ် မိုးစပါးသည် ယခင်နှစ်များထက် ပိုမိုအောင်မြင်ဖြစ်ထွန်းကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးပြီးမိုးစပါးများ ရိတ်သိမ်းရေး၊ ရိတ်သိမ်းပြီးမိုးစပါးများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ တောင်သူများဝင်ငွေ တိုးတက်စေရေးအတွက် သီးထပ်သီးနှံစိုက်ပျိုးနိုင်ရန် ဒေသအလိုက် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ တောင်သူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)



# တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် မြဝတီမြို့မှ “စိုးအောင်အောင်” မုန့်တိုက်လုပ်ငန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားမြင့်မားစေရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် “သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်” ရည်ရွယ်၍ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုကာ တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးကူညီပြီး အလုပ်အကိုင်အခွင့်အလမ်းများကို အဓိကထားဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မိဋ္ဌာန်အောင်ဘုရားလမ်းတွင်တည်ရှိသည့် “စိုးအောင်အောင်” ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေကို ပြည်သူများသိရှိစေရန် မုန့်တိုက်လုပ်ငန်းပိုင်ရှင် မနီနီဝင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်–

**မေး။** ။ “စိုးအောင်အောင်” မုန့်တိုက်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကို သိပါရစေ။

**ဖြေ။** ။ “စိုးအောင်အောင်” ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်းကို ၂၀၀၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ပါတယ်။

**မေး။** ။ မုန့်တိုက်လုပ်ငန်းကို မိဘတွေကစပြီး လက်ဆင့်ကမ်း တည်ထောင်ခဲ့တာလား သိချင်ပါတယ်။

**ဖြေ။** ။ ဟုတ်ကဲ့ပါ။ ဒီမုန့်တိုက်လုပ်ငန်းကိုတော့ မိဘတွေ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး သားသမီးတွေက ဆက်လက်လုပ်ကိုင်ပါတယ်။

**မေး။** ။ မုန့်တိုက်အနေနဲ့ စားသုံးသူအတွက် ဈေးကွက်မှာ ဝယ်ယူရရှိနိုင်အောင် ထုတ်လုပ်ထားတဲ့ အမျိုးအစား၊ အရေအတွက် သိပါရစေ။

**ဖြေ။** ။ ပေါင်မုန့်၊ ကိတ်မုန့်ထုတ်လုပ်မှုအနေနဲ့ အမျိုးအစားအားဖြင့် ၁၂ မျိုး ထုတ်လုပ်ပါတယ်။ ကိတ်မုန့်အမျိုးအစားမှာ ကြက်ဥကိတ်မုန့်နဲ့ ချောကလက်အရသာကိတ်မုန့် ထုတ်လုပ်ပါတယ်၊ ပေါင်မုန့်အမျိုးအစားကတော့ ပလိန်းပေါင်မုန့်၊ နို့ပေါင်မုန့်၊ ချောကလက်အစာသွပ်ပေါင်မုန့်၊ စတော်ဘယ်ရီ၊ နာနတ်သီးအရသာ ထုတ်လုပ်တာရှိပါတယ်။ ဒါ့အပြင် မုန့်ကြွပ်ခြောက်၊ ကိတ်မုန့်ခြောက်ထုတ်လုပ်ပြီး ဈေးကွက်ထဲ ဖြန့်ဖြူးရောင်းချပေးပါတယ်။

**မေး။** ။ မုန့်တိုက်မှ တစ်နေ့ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေ သိပါရစေ။

**ဖြေ။** ။ “စိုးအောင်အောင်” ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်း ထုတ်လုပ်မှုပမာဏကတော့ များပါတယ်၊ အဓိကအားဖြင့် အလှူမင်္ဂလာ၊ မွေးနေ့အလှူအတွက် အော်ဒါလက်ခံဆောင်ရွက်ပေးပါတယ်။ ဖြန့်ဖြူးမှုအနေနဲ့မြဝတီမြို့တွင်း စားသောက်ကုန်ဆိုင်တွေ အများဆုံး လက်လီ၊ လက်ကား ဈေးနှုန်းရောင်းချပေးပါတယ်။

**မေး။** ။ မုန့်တိုက်လုပ်ငန်း လည်ပတ်မှုအတွက် ဝန်ထမ်းဦးရေ ဘယ်လောက်ရှိပါသလဲ။ ဝန်ထမ်းတွေရဲ့နေထိုင်မှု ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါသလဲ။

**ဖြေ။** ။ မုန့်တိုက်လုပ်ငန်းမှာတော့ ဝန်ထမ်းဦးရေ အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၀ ရှိပါတယ်။ ဝန်ထမ်းတွေရဲ့နေထိုင်မှုအတွက် အဆောင်စီစဉ်ပေးထားပါတယ်။

**မေး။** ။ အလုပ်သမားတွေရဲ့ အခြေခံလစာနဲ့ အမြင့်ဆုံးလစာ သတ်မှတ်ချက် ဘယ်လိုဆောင်ရွက်ပေးပါသလဲ၊ လာရောက်လုပ်ကိုင်သူတွေက မြဝတီဒေသခံအပြင် အခြားဒေသက လာရောက်လုပ်ကိုင်သူတွေရော ရှိပါသလား။

**ဖြေ။** ။ အလုပ်သမားတွေရဲ့ အခြေခံလစာ ကျပ် နှစ်သိန်းတစ်သောင်း သတ်မှတ်ထားပါတယ်။ သီးသန့်မုန့်ဖိုး ထပ်ဆောင်းပေးတာလည်းရှိပါတယ်။ မုန့်တိုက်မှာ လုပ်ကိုင်သူအများစုကတော့ ပဲခူးတိုင်းဒေသကြီးက လာရောက်လုပ်ကိုင်သူ များပါတယ်။ ကျွန်မအနေနဲ့လာရောက်လုပ်ကိုင်တဲ့သူတွေအတွက် ပညာလည်းရ၊ ဝင်ငွေလည်းရတဲ့ Cash for Work မှသာလျှင် ဝန်ထမ်းတွေ အဆင်ပြေမှာပါ၊ ကျန်းမာရေးအနေနဲ့ကတော့ နယ်ဝေးလာရောက်သူအတွက် အစစအရာရာ ဂရုစိုက်ပေးရပါတယ်။

**မေး။** ။ စားသုံးသူတွေအတွက် မုန့်တိုက်အနေနဲ့ ဘယ်လိုနည်းလမ်း အကောင်းဆုံးဝန်ဆောင်မှုပေးပါသလဲ။ နောက်တစ်ချက်အနေနဲ့ ကျန်းမာရေးအသိအမှတ်ပြု ထောက်ခံချက် ရရှိထားပါသလား။

**ဖြေ။** ။ စားသုံးတဲ့ပြည်သူတွေအတွက်ကျန်းမာရေးနဲ့အညီ အာဟာရပြည့်ဝအရသာရှိပြီး သန့်ရှင်းလတ်ဆတ်ဖို့ အဓိကထားပါတယ်။ ထုတ်လုပ်ရက်၊ ကုန်ဆုံးရက်ကိုလည်း သတ်မှတ်ဖော်ပြပေးထားပါတယ်။ ကျန်းမာရေးအသိအမှတ်ပြုထောက်ခံချက် ရရှိထားပါတယ်။

**မေး။** ။ မုန့်တိုက်အနေနဲ့ နေ့စဉ်ထွက်ရှိတဲ့ ပေါင်မုန့်၊ ကိတ်မုန့်ထုတ်လုပ်မှုပုံစံ အဆင့်ဆင့် ပြည်သူတွေသိရှိစေဖို့ မျှဝေပေးစေချင်ပါတယ်။

**ဖြေ။** ။ ပေါင်မုန့်၊ ကိတ်မုန့် ထုတ်လုပ်ဖို့အတွက် ဂျုံကို အဓိကထားဆောင်ရွက်ရတာဖြစ်ပါတယ်။ အရင်ဆုံး ကိတ်မုန့်ဆောင်ရွက်တဲ့နေရာမှာ ပထမအဆင့်မှာ ဂျုံကို မွှေစက်နဲ့ကြိတ်ရပါတယ်။ နောက်ပြီး ပါဝင်ပစ္စည်းတွေနဲ့ အချိုးအစားအတိုင်း ပြုလုပ်ပြီး ပုံစံခွက်ထဲထည့်၍ အသုံးပြုကာ Gas Oven ဖြင့် အပေါ်မီး၊ အောက်မီး အပူချိန်အတိုင်းအဆဖြင့် ၄၅ မိနစ်ကြာ ဆောင်ရွက်ရပါတယ်။

**မေး။** ။ အခုဆိုရင်ဈေးကွက်ထဲမှာ မုန့်တိုက်လုပ်ငန်းတွေ နာမည်များစွာရပ်တည်နေကြတာတွေ့ရပါတယ်။ အဲဒီအပေါ်မှာ “စိုးအောင်အောင်” မုန့်တိုက်ဆိုင်ခွဲတွေအနေနဲ့ ထုတ်လုပ်ဖြန့်ဖြူးမှုတိုးမြှင့်ဆောင်ရွက်ဖို့ ရှိပါသလား။ လက်လီ၊ လက်ကားရောင်းချပေးတဲ့ ပေါင်မုန့်၊ ကိတ်မုန့်ဈေးနှုန်းသိပါရစေ။

**ဖြေ။** ။ လက်ရှိအနေအထား လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအစဉ်မရှိသေးပါဘူး။ ထုတ်လုပ်ဖြန့်ဖြူးရရှိမှုအပေါ်မှာမူတည်ပြီး တိုးချဲ့သွားဖို့ရှိပါတယ်။ နို့ပေါင်မုန့်တစ်ထုပ် ၁၃၀၀ ကျပ်၊ ကိတ်မုန့်အကြီး ၂၀၀၀ ကျပ် ရောင်းချပေးပါတယ်။ ပေါင်မုန့်၊ ကိတ်မုန့်အထုပ်သေးတွေကတော့ ဈေးနှုန်းအစားစားရှိပါတယ်။

**မေး။** ။ နိုင်ငံတော်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တစ်ပိုင်တစ်နိုင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိသလို မိမိဒေသခံပြည်သူတွေ လူမှုစီးပွားဘဝမြင့်မားဖို့အတွက် ဆောင်ရွက်ပေးဖို့အစီအစဉ်နဲ့ ခွန်အားဖြစ်စေမယ့် အားပေးစကားသိချင်ပါတယ်ရှင်။

**ဖြေ။** ။ ကျွန်မကတော့ လူငယ်တွေအနေနဲ့ မိမိလုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်အပေါ်မှာ စေတနာထားလုပ်ကိုင်ဆောင်ရွက်ရင် စေတနာအကျိုး ပြန်လည်ခံစားရမှာဖြစ်ပါတယ်။ ခွန်အားဖြစ်စေမယ့် အားပေးစကားအနေနဲ့ကတော့ ဘယ်လုပ်ငန်းမှာမဆို လုပ်ကိုင်နေတဲ့ဝန်ထမ်းတွေအားလုံး ကြိုးစားအားထုတ်လုပ်ကိုင်ရင် အလုပ်လက်မဲ့သူ မရှိနိုင်ပါဘူး၊ မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းက ကူညီနိုင်မှာဖြစ်ပါတယ်။ စားဝတ်နေရေး အဆင်ပြေလာရင် လူမှုစီးပွားဘဝလှပသာယာလာမှာ ဖြစ်ပါတယ်ရှင်။

နိုင်ငံတော်မှ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် စီးပွားရေးကဏ္ဍဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးခြင်းသည် တစ်ဦးချင်းဝင်ငွေ မြင့်မားတိုးတက်အောင် အဘက်ဘက်မှ ဆောင်ရွက်ပေးသကဲ့သို့ ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ မှတ်ပုံတင်ပြီး အငယ်စားစီးပွားရေးလုပ်ငန်း ၁၂၉ ခုနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၁၆ ခု စုစုပေါင်း ၁၄၅ ခုရှိကြောင်း ခရိုင်စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဝင်းထွန်းထံမှ သိရသည်။ ။



**တွေ့ဆုံမေးမြန်း - ရွှေမြဝတီ**
**ဓာတ်ပုံ - သီရိချော**





# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၀

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) သို့ ရောက်ရှိ၍ သံရည်ကျိုမီးဖို (Electric Arc Furnace)နှင့် သံရည်အချောသပ်မီးဖို (Ladle Refining Furnace) တို့တွင် သံရည်ကျိုလုပ်ငန်းများဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ် သံရည်များသွန်းလောင်းနေမှု၊ သံမဏိလေးထောင့်တုံးများ ထွက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သံရည်ကျိုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ထားရှိရန်နှင့် စက်ပစ္စည်းကိရိယာများ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစီအမံများ ရေးဆွဲထားသည့်အတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်စေရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရင်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားအောင် လေ့ကျင့်သင်ကြားပေးရန်၊ စက်မှုကဏ္ဍ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသံမဏိများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ Phase-2, 2A တို့၏ စီမံကိန်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို ကြိုတင်ရေးဆွဲထားရန်နှင့် လိုအပ်သည့် စက်ပစ္စည်း အစိတ်အပိုင်းစာရင်းကိုလည်း ကြိုတင်ပြုစုထားရှိရန်၊ စက်ရုံမှထုတ်လုပ်သော သံမဏိလေးထောင့်တုံးများ၏ အရည်အသွေးများ တစ်သမတ်တည်းဖြစ်စေရေးအတွက် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် အရည်အသွေးစီမံခန့်ခွဲမှုစနစ် ထူထောင်ထားရှိရန်၊ စက်ရုံရှိစက်ပစ္စည်းများ၊ ဝန်ထမ်း၊ စာရွက်စာတမ်း၊ သတင်းအချက်အလက်တို့၏ လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံမှသဘင်္ဘောသားများ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကောက်နုတ်ချက်များမျှဝေသည့် အစည်းအဝေးကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၀

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာနိုင်ငံမှသင်္ဘောသားများ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကောက်နုတ်ချက်များမျှဝေသည့် အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိမြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က နိုဝင်ဘာ ၃ ရက်ကပြုလုပ်သည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အစည်းအဝေးကောက်နုတ်ချက်များကို ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံသားများ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရာတွင် နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးမြှင့်ခြင်း လျှောက်ထားသည့်အခါ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့်အခွန်ကင်းရှင်းကြောင်းထောက်ခံချက် တင်ပြနိုင်မှသာ သက်တမ်းတိုးမြှင့်ခြင်းကို ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မိမိတို့သွားရောက်အလုပ်လုပ်ကိုင်သည့်နိုင်ငံမှရရှိမည့် အနိမ့်ဆုံးလစာနှုန်းထားကိုအခြေခံ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လကုန်အထိ ခြောက်လစာကို တွက်ချက်ပြီး နှစ်ရာခိုင်နှုန်းကောက်ခံမည်ကို သိရပါကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့် ပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ **မျိုးမင်းသူရ**

# ပြည်တွင်း၊ ပြည်ပဝယ်ယူမှုများကြောင့် မြန်မာလက်မှုမြေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်း

မန္တလေး နိုဝင်ဘာ ၂၀

မြန်မာလက်မှုပညာဖြင့် တီထွင်ပြုလုပ်ရောင်းချသည့် မြေထည်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှဝယ်ယူသုံးစွဲလာခြင်းကြောင့် အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ပြုံးပန်းသာမိသားစု မြေထည်လုပ်ငန်းမှ လုပ်ငန်းရှင် ဒေါ်ဇာဇာမြင့်က ပြောသည်။

ယခု နောက်ပိုင်းကာလများတွင် မြေထည်ပစ္စည်းထုတ်ကုန်များမှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအား ကောင်းမွန်လာမှုကြောင့် ယခင်နှစ်များထက် အရောင်းအဝယ်များကောင်းလာကြောင်း၊ မြေထည်ပစ္စည်း အမျိုးအစား ၁၀၀ နီးပါးရှိပြီး ပြည်တွင်း၌ ဝယ်လိုအားကောင်းခြင်းနှင့်အတူ ပြည်ပနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသို့လည်း မြဝတီ၊ ကော့သောင်းမှ တစ်ဆင့် တင်ပို့ရောင်းချရကြောင်း သိရသည်။

"မြေထည်လုပ်ငန်းက ဒီနှစ်ပိုင်းမှာ အရောင်းအဝယ် ကောင်းလာပါတယ်။ မြေထည်ပစ္စည်းတွေကိုလည်း တစ်နှစ်တစ်မျိုး ဆန်းသစ်တီထွင်ထုတ်လုပ်ပြီး ရောင်းချရာမှာ ရာသီအလိုက်ရောင်းချတဲ့ ပစ္စည်းတွေလည်းရှိတယ်။ တစ်နှစ်ပတ်လုံးမှာ ပန်းအိုး၊ ဘုရားပန်းအိုး၊ စဘူး မြေထည်အမျိုးမျိုး၊ အိုးပုတ်၊ ချိုးရုပ်နဲ့ ကလေးကစားစရာအမျိုးမျိုး၊ ချိန်ခွင်စတဲ့ အမျိုးစုံပဲ။ သောက်ရေအိုး၊ အိုးပုတ်၊ ချိုးရုပ်၊ စဘူးတွေဆိုရင် တစ်နှစ်ပတ်လည်လုံး ရောင်းရတယ်။ ရာသီထုတ်ကုန်အဖြစ် သင်္ကြန်ကာလအတွက် အသုံးပြုမယ့် သင်္ကြန်အိုးတွေဆိုရင် ခုကတည်းက စလုပ်နေရပြီ"ဟု ၎င်းကပြောသည်။



အဆိုပါ မြေထည်လက်မှုပစ္စည်းများသည် ယခုနှစ်ပိုင်းတွင် ပို၍အရောင်းအဝယ်များကောင်းပြီး အမျိုးအစားအလိုက် ရောင်းချသည့်ဈေးနှုန်းများမှာ အနည်းဆုံး ငွေကျပ် ၅၀၊ ၁၀၀ မှ ၁၀၀၀၊ ၂၀၀၀ ကျပ်၊ လှိမ့်ဝင်တည်သုံးအရုပ်များသည် ငွေကျပ် ၁၇၀၀ မှ ၂၆၀၀ ကျပ်၊ ဘုရားဆင်းတုများ ပြုလုပ်ရောင်းချရာတွင် တစ်ဆူလျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀၊ ဘုရားပန်းအိုးမှာ ငွေကျပ် ၄၀၀၊ ၅၀၀ မှ ၂၀၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်း၌ အရောင်းအဝယ်များ ကောင်းလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

# ကန်တော့ခံ သက်ကြီးစာပေပညာရှင် စာရေးဆရာမကြီး မကြွယ်ကြွယ် ကွယ်လွန်



နေပြည်တော် နိုဝင်ဘာ ၂၀

ကန်တော့ခံသက်ကြီးစာပေပညာရှင်စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရာဇဓိရာဇ်လမ်း နေအိမ်တွင် ၉၆ ပါးရောဂါဖြင့်ကွယ်လွန်ခဲ့ပြီး နိုဝင်ဘာ ၂၁ ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

ဆရာမကြီးသည် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်လည်း ဖြစ်သည်။ ဆရာမကြီး၏ ကလောင်အမည်မှာ မကြွယ်ကြွယ်ဖြစ်ပြီး 'ဖြူဖြူ'၊ 'ခိုင်ခိုင်ဝင်းရွှေ'၊ 'ဝင်းလှဲ့ခင်' စသည့် ကလောင်အမည်ခွဲများဖြင့်လည်း စာပေများစွာ ရေးသားခဲ့သူဖြစ်သည်။

"ဆီးချိုတက်တာ ၆၀၀ လောက်ဖြစ်လို့ ပြီးခဲ့တဲ့ ၁၂ ရက်မှာဆေးရုံတင်လိုက်ရတာ။ ငါးရက်လောက်ကြာတော့ ဆီးချိုပြန်ကျလာလို့ ဆေးရုံကဆင်းပြီး အိမ်မှာပြန်အနားယူနေတာ၊ နေကောင်းနေတယ်ပဲထင်တာပေါ့။ အခုတနင်္ဂနွေနေ့ရောက်တော့ ကျန်းမာရေးကသိပ်မကောင်းဖြစ်လာတာနဲ့ ဆေးရုံပြန်ပြတယ်။ ဆေးရုံကို ရောက်ရောက်ချင်း စစ်ဆေးကြည့်တဲ့အခါ ဆီးချိုက ၆၅ အထိကျနေပြီး နှလုံးက သိပ်အလုပ်မလုပ်နိုင်တော့ဘူး။ ဆရာဝန်တွေ၊ ဆရာမတွေကတော့ နှလုံးပြန်နိုးအောင် အစွမ်းကုန် ကြိုးစားကြပေမယ့် နှလုံးကပြန်နိုးမလာတော့ပါဘူး။ တစ်ခါတည်း အသက်ပါမလာတော့ဘူး။ တစ်သက်လုံးမှာ ဆေးရုံကို ဒီတစ်ကြိမ်ပဲ တက်ဖူးတဲ့အထိ ကျန်းမာရေးကောင်းနေခဲ့တာပါ" ဟု သမီးကြီးဖြစ်သူ ဒေါ်ချိုချိုလတ်က ပြောသည်။ ဒေါ်ချိုချိုလတ်သည် ဆရာမကြီး၏ အမွေကိုဆက်ခံပြီး ချိုချိုစာပေတိုက်ကို တည်ထောင်ကာ သုတ၊ ရသနှင့် ကလေးစာပေများကို ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ ဆရာမကြီးသည် သားသမီးသုံးဦးထွန်းကားပြီး သားနှစ်ယောက်မှာ ကွယ်လွန်ခဲ့ပြီဖြစ်သဖြင့် သမီးကြီးတစ်ဦးသာ ဆရာမကြီးအနားတွင်ရှိနေခြင်းဖြစ်သည်။ ဆရာမကြီးကွယ်လွန်ချိန်တွင် သမီးတစ်ဦးနှင့် မြေးသုံးဦး၊ မြစ်သုံးဦးတို့ကျန်ရစ်ခဲ့သည်။

ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင် စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်သည် ၁၉၃၃ ခုနှစ် ဧပြီလ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ၌ အဖ ဦးဖိုးချစ်၊ အမိ ဒေါ်စိန်မေတို့က မွေးဖွားခဲ့သည်။

ဆရာမကြီးသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထုတ် ဂျာနယ်နှင့်စာစောင်အချို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ် မတ်လထုတ် လင်းယုန်ဂျာနယ်တွင် ဖော်ပြပါရှိသော "မောင်းသံ"အမည်ရှိ ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ယနေ့အထိ စာနယ်ဇင်းမျိုးစုံတွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့သည့်အပြင် လုံးချင်းဝတ္ထု ခြောက်အုပ်၊ ဘာသာရေးဆိုင်ရာစာအုပ် ရှစ်အုပ်၊ ကလေးစာပေ နှစ်အုပ်၊ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်တို့ကို ရေးသားပြုစုထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်များအနက် "သူရဲကောင်းတို့စိတ်ဓာတ်"စာအုပ်မှာ ဂျာမနီနိုင်ငံ ဘွန်းမြို့တက္ကသိုလ်တွင် ဝိဇ္ဇာတန်း အရှေ့တိုင်းဘာသာဌာန(မြန်မာ)သင်ရိုးအတွက် ကျောင်းသုံးအဖြစ်ပြဋ္ဌာန်းခြင်းခံခဲ့ရသည်အထိ ထင်ရှားသည့် စာအုပ်ဖြစ်ခဲ့သည်။

ဆရာမကြီးသည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်း ၁၄ နှစ် ဆောင်ရွက်ခဲ့ပြီး စာပေနှင့်စာနယ်ဇင်းလုပ်ငန်းများကို စွမ်းဆောင်ခဲ့သူဖြစ်သည်။ ဆရာမကြီးသည် အသက် (၉၀)ပြည့်မွေးနေ့အမှတ်တရအဖြစ် "ပန်းတံခါးအဖွင့်နှင့်အခြားဝတ္ထုတိုများ" စာအုပ်ကိုထုတ်ဝေပြီး ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယင်းစာအုပ်ကို စာအုပ်မိတ်ဆက်ပွဲပြုလုပ်၍ စာပေမိတ်ဆွေရောင်းရင်းများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှုသည် ဆရာမကြီး၏ စာပေမိတ်ဆွေရောင်းရင်းများနှင့် နောက်ဆုံးနှုတ်ဆက်တွေ့ဆုံခြင်း ဖြစ်ခဲ့သည်ဟု သမီးကြီးဖြစ်သူ၏ပြောကြားချက် အရသိရသည်။ **မင်းထက်နိုင်**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၀

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ပုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၀-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၄၁၈။ | တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ/ အရာခံ၊ အကြပ်စစ်သည် မိသားစုများကောင်းမှု | ၃၅၀၀၀၀၀ |
| ၇၄၁၉။ | ကွယ်လွန်သူ ဦးမြင့်သိန်းဆွေအားရည်စူး၍ ဒေါ်သွင်ချိုအေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၄၂၀။ | ဦးကျော်သူနိုင်နှင့်ဇနီး ဒေါ်သန္တာမွန်၊ (သမီး) မခင်ဥမ္မာကျော်၊ (မြေး) မောင်အောင်ဘုန်းကျော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၄၂၁။ | ဒေါ်ကြည်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၇၄၂၂။ | ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးမောင်တုအား ရည်စူး၍ ဇနီးဒေါ်ခင်ခင်ဦးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၄၂၃။ | ဦးကြည်မောင်သိန်းနှင့်ဇနီး ဒေါ်သီတာမျှူးသိန်း၊ (သမီး) မတင်မြတ်နိုးမွန်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၄၂၄။ | ဦးအေးမောင်နှင့်ဇနီး ဒေါ်ကြည်သန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၄၀၀၀၀ |
| ၇၄၂၅။ | ဖခင်ကြီး ဦးမြမောင်နှင့် မိခင်ကြီး ဒေါ်စိန်စိန်၊ ခင်ပွန်း ဦးကြည်ဝင်းတို့အားရည်စူး၍ ဒေါ်သန်းသန်းမြ၊ ဆရာလေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၄၂၆။ | ကွယ်လွန်သူ ဦးသန်းလွင်အားရည်စူး၍ ဒေါ်ကွန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၂၇။ | ဦးမောင်သန်းနှင့်ဇနီး ဒေါ်တင်တင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၂၈။ | ဦးသန်းထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၂၉။ | ဦးသက်နိုင်နှင့်ဇနီး ဒေါ်ချောစုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၀။ | ဦးမြင့်သန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၁။ | ဦးစိန်ဝင်း၊ (သား)ဦးအောင်သူရိန်ဝင်းနှင့်ဇနီး ဒေါ်အိအိဖြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၂။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၃။ | ဦးကံထွန်းနှင့်ဇနီး ဒေါ်ရင်မေ၊ (သား)မောင်ကျော်ခိုင်၊ (သမီး)မလှလှမင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၃၄။ | ဦးအောင်သက်ခိုင်နှင့်ဇနီး ဒေါ်တင်တင်အုန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၃၅။ | ဗိုလ်ကြီးဇော်လွင်နှင့်ဇနီး ဒေါ်ဝါဝါခန့်၊ (သမီး) ဒေါက်တာထူးနန္ဒာနွယ်၊ မအင်ကြင်းမိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၆။ | မိခင်ကြီးဒေါ်တင်ရီအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၇။ | ဒေါ်ညိုညိုလှအားအမှူးထား၍ ဦးသက်ဆွေနှင့်ဇနီး ဒေါက်တာစည်လေးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၈။ | ဒေါ်ခင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၉။ | ကွယ်လွန်သူ ဦးချစ်လှိုင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၀။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်သန်းလှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၁။ | ဦးပြည်သိန်းနှင့်ဇနီး ဒေါ်မာဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၂။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၃။ | ဦးမင်းမင်းအေးနှင့်ဇနီး ဒေါ်ချိုချိုဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၄။ | ဦးမြလှိုင်နှင့်ဇနီး ဒေါ်အေးမြတ်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၅။ | ဒေါက်တာဝေဖြိုးနှင့်ဇနီး မခိုင်ဇင်ဇင်သန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၆။ | ကွယ်လွန်သူဖခင်ကြီး ဦးသန့်တင့်နှင့် မိခင်ကြီး ဒေါ်အေးမေအားရည်စူး၍ ဦးခင်မောင်ဝင်း နှင့်ဇနီး ဒေါ်စန်းစန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၇။ | ဦးမြတ်ဘိုဝင်းနှင့်ဇနီး ဒေါ်မျိုးသီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၈။ | ဦးလှစိန်နှင့်ဇနီး ဒေါ်ဝင့်ဝါထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၄၉။ | ဒေါ်ကြည်လှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၀။ | ဦးဝင်းလှိုင်နှင့်ဇနီး ဒေါ်အိအိခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၁။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၂။ | ဦးစိန်ဘနှင့်ဇနီး ဒေါ်စောရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၃။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်မိုးစီစီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၄။ | ဦးမြင့်ထူးနှင့်ဇနီး ဒေါ်ခင်လင်းမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၅။ | ဦးရွှေကြီးညိုနှင့်ဇနီး ဒေါ်အုံးကြည်၊ (သား)ကိုအေးသန်း အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၆။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဇော်မင်းထွန်းနှင့်ဇနီး ဒေါ်ချောစုခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၈။ | ဦးလှမောင်နှင့်ဇနီး ဒေါ်လှရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၉။ | ဒေါ်စန်းစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၀။ | ဦးထွန်းထွန်းနိုင်နှင့်ဇနီး ဒေါ်ရွှေဇင်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၁။ | ဦးမြင့်သိန်းထွန်းနှင့်ဇနီး ဒေါ်လဲ့ရွှေစင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၂။ | ဦးဇော်ဇော်နှင့်ဇနီး ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၃။ | ဦးသက်ဆွေနှင့်ဇနီး ဒေါ်နီလာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၄။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၅။ | ဦးမြဝင်းနှင့်ဇနီး ဒေါ်အေးအေးသွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၆။ | ဒေါ်စောမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၇။ | ဦးသန်းထွေးနှင့်ဇနီး ဒေါ်ခင်မူမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၈။ | ဦးခင်မောင်ဦးအားရည်စူး၍ ဒေါ်မြင့်မြင့်စိန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၉။ | ဦးထွေးနှင့်ဇနီး ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၀။ | မိခင်ကြီး ဒေါ်သန်းဌေးအားအမှူးထား၍ ဦးကိုကိုနိုင် နှင့်ဇနီး ဒေါ်နန်းလှဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၁။ | ဒေါ်အုန်းကျင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၂။ | ဦးစိုင်းမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၃။ | ဗိုလ်ကြီးကျော်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်လှလှမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၄။ | ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၅။ | ဦးတင်ဦးအားရည်စူး၍ ဒေါ်မြကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၆။ | ဒေါက်တာမျိုးဇင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**


**ပျောက်ဆုံးကြောင်း**

မောင်ရန်ရှင်း[၁၂/ခရန(နိုင်) ၁၃၀၂၄၆]ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် MA-943953 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-970967065

**ပျောက်ဆုံးကြောင်း**

မောင်ဝေဖြိုးဟိန်း [၅/ခတန(နိုင်)၀၃၀၀၈၀] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် MF-499802 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-780729891

**နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း**

ကျွန်မ မအိန္ဒြေဦး(ဘ)ဦးဝဏ္ဏစိုး [၁၂/ကမရ(နိုင်)၀၇၀၃၂၀]၏ နိုင်ငံကူးလက်မှတ် Passport (MB 565374) ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

မပြည့်ပြည့်ဖြိုး [၁၂/လသန(နိုင်)၀၁၉၉၄၅] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-5087639

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မိချောင်းအိုင်ရပ်ကွက်၊ ရွှေဗဟိုပတ်လမ်းနေ ဦးစန်းဝေ(ခ)ဦးဝေဠုကျော် [၁၄/ဘကလ(နိုင်)၁၃၇၅၃၁]၏ သမီး မကြူကြူစန်းအား မဂျူးကဗျာသက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဂျူးကဗျာသက်

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၃-၉-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)ဦးဝင်းဇော်ထက်၏အမည်ပြောင်းတွင်လျှောက်ထားသူအမည်ဦးဝင်းဇော်ထက်အစားဦးဇော်ဝင်းထက်ဟုအမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၃-၁၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ် GPရသူဒေါ်အေးစုလှိုင်၏ပိုင်ဆိုင်+အပိုင်ပေးမြေပုံကူးတွင်ဒေါ်မြင့်မြင့်သန်း(၁၂/မဂတ(နိုင်)၀၃၈၄၂၇)ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး ၊ အမှတ်(၂၇၄/၂၇၅)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်မင်း [၉ /မထလ(နိုင်)၁၀၇၀၇၅] နှင့် ဒေါ်မေမြတ်သူ [၁၄/ဘကလ(နိုင်) ၂၃၉၇၄၅] ပိုင်ဆိုင်သော တိုက်(J)၊ အခန်း(၂၁၀)၊ ဒုတိယထပ်(၃)လွှာ၊ တော်ဝင်နှင်းဆီ စက်မှုလုပ်သားအိမ်ရာ၊ (၂၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဧရိယာ (၃၂၄)စတုရန်းပေရှိ တိုက်ခန်းအား ကျွန်မ ဒေါ်ဇာနည်ရွှေ [၁၂/သလန(နိုင်)၀၀၂၂၀၈]မှ ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ဇာနည်ရွှေ [၁၂/ သလန(နိုင်) ၀၀၂၂၀၈]**
**ဖုန်း- ၀၉-၅၁၁၀၈၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုရတနာလမ်း၊ အမှတ်(၁၁၃) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၈½ပေ)ထပ် တိုက်သစ်အဆောက်အဦ၏ အခန်းအကျယ် (အလျား ၂၅ပေx အနံ ၇၀ပေ)ရှိ ဆဋ္ဌမထပ်(၆-လွှာ)တိုက်ခန်းနှင့်အခန်းအကျယ်(အလျား ၂၅ပေx အနံ ၇၀ပေ)ရှိ သတ္တမထပ် (၇-လွှာ)တိုက်ခန်း၊ ဓာတ်လှေကားအသုံးပြုခွင့်အပါအဝင် တိုက်ခန်း(၂)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်ရွှေ [၁၃/ကခန(နိုင်)၀၀၀၂၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တိုက်ခန်း(၂)ခန်း တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း (၂)ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ် မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(L.L.B ) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းမြောက်/အရှေ့ရပ်ကွက်၊ စလင်းလမ်း၊ တိုက်အမှတ်(၁၈)၊ (၂)ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦမှ (၃-လွှာ/A) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ပြီးစီးပါကြောင်းအများသိစေရန်

အထက်လိပ်စာပါတိုက်ခန်းကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးအောင်ဌေးလွင် [၁၂/ကမတ(နိုင်)၀၃၆၀၆၅] ထံမှ ဦးစည်သူထွန်း [၁၂/လမန(နိုင်) ၁၃၆၂၃၂] က (၁၈-၁၁-၂၀၂၃) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပြီး၊ တိုက်ခန်းကိုတရားဝင် လက်ဝယ် ပိုင်ဆိုင်ရရှိပြီးဖြစ်ပါကြောင်း အဆိုပါတိုက်ခန်းကို ဦးစည်သူထွန်းကသာ တရားဝင်လက်ရှိ ပိုင်ဆိုင်ပါကြောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းများမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူထွန်း ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကြော်ငြာစာ

